ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားဥဒ္ဓတည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုးဏ်။

ဝိယဝဂ်(ခမ္မပဒ –၂၁၇)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက် တနင်္ဂနွေနေ့။ Sunday, 15 November 2026 ၁၂၆၃



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ကြခတ်ပိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်းအမျှပေးဝေကြစဉ်။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲအထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများတိုးချဲ့ပြေးဆွဲမည်



နေပြည်တော် နိုဝင်ဘာ ၁၄

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ရန်ကုန်–မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတို့တွင် ခေတ်မီလေအေးပေးစက် ပါ DEMU တွဲဆိုင်းသစ်များဖြင့် လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့် လည်းကောင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာ

နေပြည်တော် နိုဝင်ဘာ ၁၄

အားကောင်းသောလေဖိအားနည်းရပ်ဝန်း အခြေအနေ

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❁

ယနေ့ ဖတ်စရာ

စူပါအယ်လ်နီညိုနှင့် ရေချွေတာရေး

ဆောင်းပါး စာမျက်နှာ » ၆

(၇၈)ကြိမ်မြောက် ချင်းရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပ

စာမျက်နှာ » ၇

အမှိုက်မှ စွမ်းအင်သို့ ... ကမ္ဘာ့မြို့ကြီးများ၏ အတွေ့အကြုံ

ဆောင်းပါး စာမျက်နှာ » ၁၀



ကိုယ်ရေးအချက်အလက်ကာကွယ်ရေး ဒီဂျစ်တယ်ဖွံ့ဖြိုးမှုအထောက်အကူပြု

မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သည့် တစုတစည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြရာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အများပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရန်အတွက် ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်မည်ဆိုပါက အစိုးရ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား အပြန်အလှန်ယုံကြည်မှု ရှိသော ဒီဂျစ်တယ်ဂေဟစနစ် တည်ဆောက်ရေးကို အထောက်အကူပြုမည်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေပြဋ္ဌာန်းမည်ဆိုပါက မြန်မာနိုင်ငံတွင် လက်ရှိတည်ဆဲဥပဒေများဖြစ်သည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ ဆိုက်ဘာလုံခြုံရေးဥပဒေများကဲ့သို့ ဆက်စပ်ဥပဒေများနှင့်မဆန့်ကျင်ဘဲ ဟန်ချက်ညီညီ ပေါင်းစပ်ရေးဆွဲရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူများ၏ ကိုယ်ရေးအချက်အလက်ကို ထိထိရောက်ရောက်နှင့်လျင်မြန်မြန် ကာကွယ်ရန်အတွက် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏ ကိုယ်ရေးအချက်အလက်ကာကွယ်ခြင်းနည်းဥပဒေမူကြမ်းတွင် ကိုယ်ရေးအချက်အလက်ပိုင်ရှင်၏ သဘောတူညီချက်နှင့်အခွင့်အရေးများကို သီးခြားအခန်းတစ်ခုအနေဖြင့် ထည့်သွင်းရေးဆွဲထားပြီး ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ အချက်အလက်များကို ကောက်ခံသည့်အခါ အတင်းအကျပ်ပြုမူ၊ မသင့်လျော်သော လွှမ်းမိုးမှုမျှမပြုဘဲ လွတ်လပ်သောဆန္ဒဖြင့် ပေးအပ်ခြင်းဖြစ်ရန်နှင့် အချက်အလက်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်၊ နည်းလမ်း၊ အသုံးပြုရမည့်အခြေအနေ၊ သက်ဆိုင်ရာအခွင့်အလမ်းများကို ကြိုတင်အသိပေးပြီးမှတောင်းခံရန် စသည့်အချက်များပါဝင်သည်။

ထို့အပြင် အချက်အလက်များ ထိန်းသိမ်းစီမံထားမှုနှင့်စပ်လျဉ်း၍ စီစစ်သိရှိခွင့်၊ ကြည့်ရှုခွင့်နှင့် မိတ္တူတောင်းခံရယူခွင့်စသည့်အချက်များကို ထည့်သွင်းထားပြီး မလိုအပ်ဘဲ သို့မဟုတ် မလျော်ကန်စွာ ထိန်းသိမ်းထားသည့် အချက်အလက်များကို ဖျက်သိမ်းပေးရန်တောင်းဆိုခြင်း၊ အခြားဝန်ဆောင်မှုများပေးသူထံသို့ ယွဲ့ဖြောင်းရန် တောင်းဆိုခြင်းအပြင် အချက်အလက်စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်း တို့ကိုပါ ကန့်ကွက်ငြင်းပယ်ခွင့် စသည့်အချက်အလက်များကို ထည့်သွင်းရေးဆွဲထားသည်။ နိုင်ငံတော်အနေဖြင့် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစုတစည်းတည်း ကိုယ်ရေးအချက်အလက်ကာကွယ်ရေးနည်းဥပဒေတစ်ရပ်အနေဖြင့် လျင်မြန်စွာ ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများ၏လိုလားချက်များကို မဆန့်ကျင်သည့် နိုင်ငံတော်နှင့် ပြည်သူကိုအထောက်အကူပြုသည့် အကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

အဆိုပါဥပဒေသည် လက်ရှိပြဋ္ဌာန်းထားသောဥပဒေများကို အစားထိုးရန် သာမက သက်ဆိုင်ရာဥပဒေအကြား ချိတ်ဆက်ညှိနှိုင်းပေးနိုင်သည့် ဥပဒေတစ်ရပ်ဖြစ်သင့်သည်။ ဥပဒေသည် လုံခြုံရေးကိုသာအလေးထားသော ပုဒ်မဟုတ်ဘဲ နိုင်ငံသားများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အခြေခံသည့်ပုံစံဖြစ်ရန်လိုအပ်သည်။ ထို့ကြောင့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံသားအခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သောဥပဒေဖြစ်သဖြင့် ယင်းအဆိုကို ထောက်ခံရမည်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်ဆိုသည်မှာ အခြားသူများ စုဆောင်း၊ အသုံးပြု၊ မျှဝေနိုင်သည့်ပစ္စည်းမဟုတ်ဘဲ အချက်အလက်ပိုင်ရှင်၏သဘောတူညီချက်ဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုးကို အထောက်အကူပြုသော ဥပဒေဖြစ်သည်။ အဆိုပါဥပဒေသည် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများရှိပြီးဖြစ်၍ သီးခြားဥပဒေအဖြစ်မသင့်လျော်ဘဲ ပေါင်းစပ်ဖွဲ့စည်းထားသည့် ဥပဒေဖြစ်သင့်သည်။

အဆိုပါဥပဒေ၌ ဆက်စပ်အကျိုးပြုအချက်များထည့်သွင်းခြင်းဖြင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များအနေဖြင့် နိုင်ငံတကာနှင့် ဒေတာချိတ်ဆက်လုပ်ကိုင်နိုင်မည်ဖြစ်သကဲ့သို့ တရားမဝင်အချက်အလက်ရောင်းချမှုများကို တားဆီးနိုင်မည်ဖြစ်သည်။ ထို့အပြင် အွန်လိုင်းငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေးကို အထောက်အကူပြုပြီး လိမ်လည်မှုများ လျော့ကျသွားနိုင်မည်ဖြစ်သည်။ ကိုယ်ရေးအချက်အလက်များသည် သက်ဆိုင်သူ၏ အကျိုးစီးပွားနှင့် အကာအကွယ်ပေးရေးအတွက်ဖြစ်သည့်အပြင် နိုင်ငံတော်နှင့် အများပြည်သူလုံခြုံရေးကို ထိနိုးသိမ်းနိုင်မည်ဖြစ်သကဲ့သို့ ပြည်သူလူထု၏ မူလအခွင့်အရေးများကို အပြည့်အဝကာကွယ်ပေးနိုင်ပြီး နိုင်ငံတကာစံနှုန်းမီ ဒီဂျစ်တယ်စီးပွားရေးစနစ်တည်ဆောက်ရေးကို အထောက်အကူပြုသဖြင့် ယင်းဥပဒေအဆိုကို ထောက်ခံရမည်ဖြစ်ပါကြောင်း။ ။

သန်လျင်မြို့နယ်၌ တောင်သူပညာပေးသင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက် ပဲတီစိမ်းတင်ပို့နိုင်ရန် ရည်ရွယ်၍ ၂၀၂၆-၂၀၂၇ ရာသီ စိုက်ပျိုးတောင်သူများသို့ (GAP-GHP) နည်းစဉ်များအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရန် တောင်သူ ပညာပေးသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ဘုရားကုန်းကျေးရွာ ကြာကန်ဗိမာန်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သန်လျင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးတို့က (GAP-GHP) နည်းစဉ်များအတိုင်း ဓာတ်ကြွင်းကင်းစင်သော စိုက်ပျိုးသီးနှံများထုတ်လုပ်နိုင်ရေး ဆွေးနွေးမှာကြားပြီး ကုမ္ပဏီများကိုယ်စားရွေတော်ဝင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာက ပဲတီစိမ်းစိုက်ပျိုးမှုနှင့် စွေးကွက်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များက ပဲတီစိမ်းတွင် ကျရောက်သော အင်းဆက်ဖျက်ပိုး၊ ရောဂါနှင့် ပေါင်းပင်များကို ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်များဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးကို စနစ်တကျနှင့် အန္တရာယ်ကင်းစွာအသုံးပြုခြင်း၊ မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်းများ၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ၊ အရည်အသွေးကောင်း ပဲတီစိမ်းများ စိုက်ပျိုးထုတ်လုပ်ခြင်းတို့ကို နည်းပညာပေးဆွေးနွေးပြီး သင်တန်းမှတ်စုစာအုပ်နှင့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

အောင်မြေသာစံမြို့နယ်၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပသည်။

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (မန္တလေးရုံးခွဲ) တာဝန်ခံက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၏ အနှစ်သာရများနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုဖြစ်ပွားနိုင်သည့် အခြေအနေများကို ကြိုတင်သိရှိကာကွယ်နိုင်ရေး၊ ဌာနဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုကင်းရှင်း စေရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ လုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မြင့်မော်ထွန်း(ပြန်/ဆက်)

■

ရွှေဘိုမြို့၌ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းဖွင့်လှစ်

ရွှေဘို နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ပြည်တွင်းအခွန်များဦးစီးဌာနက ခန့်အပ်ထားပြီးဖြစ်သော လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူ လုပ်ငန်းရှင်များအား တံဆိပ်ခေါင်း၀ယ်ယူသူ ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှု အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၃ ရက်တွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအလိုက် ခန့်အပ်ထားသည့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်း ရောင်းချခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် သင်ကြားပို့ချပေးပြီး သင်တန်းသားများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်ထွန်းခိုင်(ပြန်/ဆက်)

ရေရှားမည့်ဘေး ရှောင်ရှားဗို့၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့
ရေချိုစိမ့်စမ်း မခန်းစေဗို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့
ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း

၁၄ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ဂုဂ၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပုံနှိပ်ထုတ်ဝေသူ - ဦးမြင့်ဦး
ပုံနှိပ်ခြင်းလုပ်ငန်း - ကြေးမုံသတင်းစာတိုက်
ပုံနှိပ်ထုတ်ဝေရာနေရာ - ၂၊ ၃၊ ၄ လမ်းများ၊ မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁-၂၅၀၀၀၀၊ ၀၁-၂၅၀၀၁၊ ၀၁-၂၅၀၀၂
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကြေးမုံ

စာတည်းမှူးချုပ်	- ဝင်းနိုင်	အကြီးတန်း	- ခင်မိုမိုအောင်၊
စာတည်းမှူး	- အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	- စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦ၊ နိုင်လင်းကြည်		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊
		အယ်ဒီတန်း သတင်းထောက်များ	- အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
ဘာသာပြန်	- အောင်ကျော်ကျော်၊ စိုးသူရ	သုတေသန	- ဇင်မာဝင့်
		စာပြင်	- ခင်နှင်းယုနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- နီလာစိုးနှင်းအဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- စိုးချစ်ဦးနှင်းအဖွဲ့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မြို့မကျောင်းဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

★ ရွှေဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သဝါဒါဓိစရိယ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သဝါဒါဓိစရိယ ပဲခူးမြို့ မြို့မကျောင်း ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဂန္ဓမာ၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ သဝါဒါဓိစရိယ ဆရာတော်ကြီးများ ဖြစ်ကြသည့် သာသနာ့မဏ္ဍိုင် ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သိရိန္ဒ၊ ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဥေ ယမမွာ ဘိဝံသတို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒေါက်တာစိုးဝင်း၊ ဦးတင်ဦးလွင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရွှေမော်ဓောစေတီတော်မြတ်ကြီးမြောက်ဘက် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြဿဝိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ ဂရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲ အထိမ်းအမှတ် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ရာ ဦးစွာ “နမော တဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပဲခူးမြို့သာသနာ့မဏ္ဍိုင် ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ၿငိုးနောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် သံဃာတော်အရှင်သူမြတ်များ ရွှတ်ပွား သရဏဂုံတော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်အောင်မြင်ခဲ့သည့် သာဟတ္ထိက မြောက်အောင် စီစဉ်ထားသည့် ပုံတော်နှင့် လှူဖွယ်ပစ္စည်းများအား မြို့မကျောင်းဆရာတော်ကြီး ထံလည်းကောင်း၊ ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက် ပြီးစီးအောင်မြင်ခဲ့သည့် အရှေ့ဘက်အာရုံခံတန်ဆောင်းပုံတော်နှင့် လှူဖွယ်ပစ္စည်းများအား ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ၿငိုးနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ကြခတ်ဝိုင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား ရွှေသင်္ကန်းတော်ကပ်လှူ၍ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ရာတွင် အမှားအယွင်းနှင့် မပြည့်စုံခြင်းများရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်လွှာစာတမ်းကို ဘုရားဒါယကာ၊ ဒါယိကာမများကိုယ်စား အခမ်းအနားမှူးက ဖတ်ကြား လျှောက်ထား တောင်းပန်ပြီး “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု” သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ကြွရောက် ချီးမြှင့်တော်မူကြသည့် ဆရာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြပြီး တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား နေ့လယ်စာ ဖြင့် စတုဒိသာတည်ခင်းကျွေးမွေး ဧည့်ခံနေမှုကို လိုက်လံကြည့်ရှုရင်း ရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ထားသည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဆွမ်းဆန်စိမ်းလောင်းလှူရန် ပြင်ဆင်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်ပြီး ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း အောင်ပွဲ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက် လာကြသူများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များသည် သံဃာတော်အပါး ၉၀၀ နှင့် သီလရှင်အပါး ၁၀၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

သမိုင်းကြောင်း များအရ သုံးလောကထွတ်ထား ဗုဒ္ဓ ရှင်တော်မြတ် ဘုရားသည် ဓောင်းတူမြို့သား မဟာသာလနှင့် စူဠသာလ ကုန်သည်ညီနောင် တို့အား “ဆံတော်နှစ်ဆူ” ကို ပေးသနားတော်မူခဲ့ရာ ကုန်သည်ညီနောင်တို့က သုဒဿနတောင်တော်တွင် ဌာပနာ၍ ဥာဏ်တော် ၇၅ ပေရှိ ရွှေမော်ဓောစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာသက္ကရာဇ် ၁၈၇၃ခုနှစ် နှင့် ၂၀၂၄ ခုနှစ်တို့တွင် သမလမင်းက စေတီတော်၏ ဥာဏ်တော်ကို ၈၁ ပေအထိ လည်းကောင်း၊ ဝိမလမင်းက ဥာဏ်တော် ၈၈ ပေ အထိ လည်းကောင်း အသီးသီး တိုးမြှင့် တည်ထားပူဇော်ခဲ့ကြကြောင်း၊ သက္ကရာဇ် ၃၄၄ ခုနှစ်တွင်

စာမျက်နှာ ၄ သို့ ★



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် စတုဒိသာတည်ခင်း ကျွေးမွေးဧည့်ခံနေမှုအား ကြည့်ရှု၍ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ ဆရာတော်ထံ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

★ စာမျက်နှာ ၃ မှ

အနုရာမမင်းက "သွားတော်မြတ်တစ်ဆူ" ကို စေတီတော်တွင် ထပ်မံဌာပနာခဲ့ပြီး သက္ကရာဇ် ၈၅၄ ခုနှစ်တွင် ဗညားရန်က ထီးတော်အသစ်ကို လှူဒါန်းပူဇော်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၂၇၄ ခုနှစ်၊ ၁၂၇၉ ခုနှစ်နှင့် ၁၂၉၂ ခုနှစ်တို့၌ ပဲခူးနယ်တစ်ဝိုက်၌ လှုပ်ခတ်ခဲ့သည့်ငလျင်များကြောင့် စေတီတော်ကြီးသည် အောက်ခြေပထမပစ္စယံအထိ အကြီးအကျယ်ပျက်စီးခဲ့ပြီး ၁၂၇၉ ခုနှစ် ငလျင်ကြောင့် မြေခခဲ့သည့် ၄က်ပျောဖူးပုံတော်ကို စေတီတော်ကြီး၏အောက်ခြေ တနင်္ဂနွေထောင့်တွင် ယနေ့တိုင် ဖူးတွေ့နိုင်ကြောင်း၊ ထို့နောက် နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့် ဗုဒ္ဓဘာသာဝင် ပြည်သူလူထုတို့ ညီညွတ်စွာဖြင့် ဥဏ်တော် ၃၇၃ ပေ ၉ လက်မရှိ စေတီတော်မြတ်ကြီးအား သက္ကရာဇ် ၁၃၁၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့တွင် ထီးတော် အောင်မြင်စွာတင်နိုင်ခဲ့ပြီး ခေတ်အဆက်ဆက်တွင် စေတီတော်မြတ်ကြီးကို အစဉ်အဆက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနေဖြင့် စေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုစဉ် စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လှည့်လည်ဖူးမြော်ကြည်ညိုနိုင်ရေး ရင်ပြင်တော်အပြည့် နေပူခံစကျင်ကျောက်ပြားများ ခင်းကျင်းလှူဒါန်းနိုင်ရေး ဦးဆောင်လှူဒါန်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်သမ္မတကြီးနှင့် ဇနီးဦးဆောင်၍ ရဟန်းရှင်လူပြည်သူများ၊ ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ၊ ဒါယိကာမများ စုပေါင်းလှူဒါန်းမှုဖြင့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသားရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ရင်ပြင်တော်ပေါ်ရှိ အရှေ့ဘက်အာရုံခံတန်ဆောင်းတော်ကြီး ပြန်လည်မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်ခဲ့ပြီ ဖြစ်သောကြောင့် ယနေ့တွင် ရေစက်ချကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ တန်ဆောင်တိုင်ရုံးပိတ်ရက်မှ

ရိုးရိုး(AAR)တွဲဆိုင်းများဖြင့် လည်းကောင်း၊ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများအား အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည် ဖြစ်ပါသည်-

စဉ်	နေ့ရက်	ရထားအမှတ်	ခရီးစဉ်		ထွက်/ရောက်ချိန်	
			မှ	ထိ	ထွက်ချိန်	ရောက်ချိန်
၁	၂၀.၁၁.၂၀၂၆	အဆန်အထူး(AAR)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၂	၂၁.၁၁.၂၀၂၆	အဆန်အထူး(DEMU)	ရန်ကုန်	နေပြည်တော်	၁၃:၀၀	၁၈:၀၀
၃	။	အစုန်အထူး(DEMU)	နေပြည်တော်	ရန်ကုန်	၀၇:၀၀	၁၂:၀၀
၄	။	အဆန်အထူး(လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၅	။	အစုန်အထူး(လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၆	။	အဆန်အထူး(လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၇	။	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀
၈	၂၄.၁၁.၂၀၂၆	အဆန်အထူး(DEMU)	ရန်ကုန်	နေပြည်တော်	၁၃:၀၀	၁၈:၀၀
၉	။	အစုန်အထူး(DEMU)	နေပြည်တော်	ရန်ကုန်	၀၇:၀၀	၁၂:၀၀
၁၀	၂၄.၁၁.၂၀၂၆	အဆန်အထူး(လေအိတ်)	ရန်ကုန်	ပြည်	၁၃:၀၀	၂၀:၅၅
၁၁	။	အစုန်အထူး(လေအိတ်)	ပြည်	ရန်ကုန်	၂၂:၃၀	၀၆:၃၀
၁၂	။	အဆန်အထူး(လေအိတ်)	ရန်ကုန်	မော်လမြိုင်	၀၈:၀၀	၁၆:၄၅
၁၃	။	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀
၁၄	၂၅.၁၀.၂၀၂၆	အစုန်အထူး(AAR)	မော်လမြိုင်	ရန်ကုန်	၀၆:၃၀	၁၅:၄၀

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမှတ်(၁၁)အဆန်/(၁၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမှတ်(၈၁)အဆန်/(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်/(၇၂)အစုန်လူစီးအမြန်ရထားနှင့် ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်းအတွင်း ပြေးဆွဲနေသော အမှတ်(၆၁)အဆန်/(၆၂)အစုန် လူစီးအမြန်ရထားတို့တွင် လူစီးတွဲများထပ်တိုး၍ ဝန်ချိန်ပြည့်ချိတ်ဆက် ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း၊ ရထားလက်မှတ်များကို Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း(Online Railway Ticketing and Payment System – ORTP)စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများအတွက် ငါးရက် ကြိုတင်ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့မီးရထား

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၃-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၅-၁၁-၂၀၂၆ ရက်နေ့မှ ၁၇-၁၁-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ



✪ လေဖိအားနည်းမှ
နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောလေဖိအားနည်း ရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် မြောက်-အနောက်မြောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်း ရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နေ့လယ်မှ နိုဝင်ဘာ ၁၇ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသော လေဖိအားနည်း ရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသ အနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှု အန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်း ရေယာဉ်များ၊သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၄

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အက်ဒွါဒို ဆန် လိုရန်ဇို အိုဘန် ဂျူနီယာ (Mr. Eduardo S.L. Oban Jr.) ၏ဖိတ်ကြားချက်အရ ဒုတိယအကြိမ် အာဆီယံအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၁၁ ရက်မှ ၁၄ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ သွားရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မနီလာမြို့ Marriott Hotel ၌ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် အာဆီယံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ရာ အစည်းအဝေးတွင် သဘာပတိဖြစ်သူ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က အမှာစကားပြောကြားခဲ့သည်။



အစည်းအဝေး၌ နိုင်ငံအလိုက်အလှည့်ကျ ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသတွင်း လုံခြုံရေးနယ်ပယ်ဆိုင်ရာ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများ၊ မဟာဗျူဟာမြောက် ပြိုင်ဆိုင်မှုများအကြား ဖြစ်ပေါ်လာနိုင်သည့် ဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မူခင်းများဆိုင်ရာ ခြိမ်းခြောက်မှုများ၊ ဆိုက်ဘာခြိမ်းခြောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်၍ ဖြစ်ပေါ်လာသည့် သက်ရောက်မှုများအပေါ် ကာကွယ်/ကုစားရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် နောင်ကျင်းပမည့် အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များအပေါ် အာဆီယံနိုင်ငံများမှတက်ရောက်လာကြသည့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များနှင့်အတူ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မနီလာမြို့ Marriott Hotel ၌ အိမ်ရှင် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၂ ရက်တွင် ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဝရန္တတ် ခုံမွမ့် (Mr. Woranut Khongmuang) နှင့် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ၊ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ အက်ဒွါဒို ဆန် လိုရန်ဇို အိုဘန် ဂျူနီယာ နှင့် လည်းကောင်းတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ သတင်းအချက်အလက် အပြန်အလှန် မျှဝေရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့အစည်းအဝေး ကျင်းပ



စစ်တွေ နိုဝင်ဘာ ၁၄

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆) ဒုတိယနေ့ကို ယမန်နေ့မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များဆိုင်ရာ လေ့လာသုံးသပ်ရေး အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး (ဒုတိယနေ့) အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အရေးပေါ် အစည်းအဝေး(ဒုတိယနေ့)သို့ မတက်ရောက်နိုင်သော လွှတ်တော် ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးက ခွင့်ပန်ကြားကာ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ယင်းနောက် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး အဖြစ်ဝိုလ်မှူးကြီးဇော်လင်းထွန်းက ကတိသစ္စာပြုခြင်းနှင့်ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပြီး တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာခဲ့ကြောင်း သိရသည်။ တင်ထွန်း(ပြန်/ဆက်)



အိမ်တွင်းသုံးရေ ချွေတာရေး

အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်း မလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်က ဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။



သုံးရေ ချွေတာသုံးစွဲရေး

သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကိုစုဆောင်းသိုလှောင်ပြီး ချွေတာရာရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါရန် နှိုးဆော်အပ်ပါသည်။



သုံးရေ ချွေတာသုံးစွဲရေး

အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန့်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသော အချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက်ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန်စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

စူပါအယ်လ်နီညိုနှင့် ရေချွေတာရေး

ဒေါက်တာဇင်ဇေယျာဝင်း

စူပါအယ်လ်နီညိုနှင့် ရေရှားပါးမှု

ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့အပူချိန်မြင့်တက်လာမှုတို့ကြောင့် မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ အပူချိန်လွန်ကဲခြင်းနှင့် မိုးခေါင်ရေရှားမှုများကို နေရာဒေသအလိုက် ပိုမိုကြုံတွေ့လာရသည်။ အယ်လ်နီညို (El Niño) သည် အီကွေတာအနီး ပစိဖိတ်သမုဒ္ဒရာ အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန်ပုံမှန်ထက် မြင့်တက်လာသည့် ရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်သည်။

"စူပါအယ်လ်နီညို" ဟူသောအသုံးအနှုန်းသည် အလွန်ပြင်းထန်သော အယ်လ်နီညိုဖြစ်စဉ်များကို ရည်ညွှန်းသည်။ အယ်လ်နီညို၏ သက်ရောက်မှုသည် ဒေသအလိုက် ကွဲပြားနိုင်သော်လည်း အချို့ဒေသများတွင် အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှုလျော့နည်းခြင်းနှင့် မိုးခေါင်ခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ထိုအခါ သောက်သုံးရေ၊ အိမ်သုံးရေနှင့် စိုက်ပျိုးရေးသုံးရေလိုအပ်ချက်များမြင့်တက်လာပြီး မြစ်၊ ချောင်း၊ ကန်နှင့် မြေအောက်ရေအရင်းအမြစ်များအပေါ် ထိခိုက်မှုများပြားလာနိုင်သည်။ ထို့ကြောင့် ရေရှားပါးမှုကြုံရမှသာ ရေချွေတာခြင်းမဟုတ်ဘဲ ရေရှိစဉ်ကတည်းက စနစ်တကျချွေတာသုံးစွဲတတ်ရန် လိုအပ်ပါသည်။

လိုအပ်သလောက် သုံးပါ

နေ့စဉ်အသုံးပြုသည့် ရေပမာဏကို သတိပြုဆင်ခြင်ပြီး လိုအပ်သလောက်သာ သုံးစွဲခြင်းဖြင့် ရေအလေအလွင့်များကို ထိရောက်စွာ လျှော့ချနိုင်သည်။ အိမ်တွင်းအသုံးပြုသည့် သောက်ရေ၊ သုံးရေခွက်များကိုလည်း လက်တွေ့အသုံးဝင်ပြီး လိုအပ်သည့် ပမာဏနှင့် သင့်လျော်သောအရွယ်အစားများကိုသာ ရွေးချယ်ထားသင့်သည်။ သောက်ရေသောက်သည့်အခါ ခွက်ထဲသို့ တစ်ကြိမ်တည်း ရေအပြည့်ထည့်ခြင်းထက် မိမိသောက်နိုင်သည့်ပမာဏကိုသာ ထည့်ယူသောက်သုံးသင့်သည်။ ထို့အပြင် သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ မုတ်ဆိတ်ရိတ်ခြင်းနှင့် ပန်းကန်ဆေးခြင်းတို့ ပြုလုပ်နေစဉ် ရေပိုက်ခေါင်းကို အချိန်ပြည့် ဖွင့်ထားမည့်အစား လိုအပ်သည့်အချိန်မှသာ ဖွင့်သုံးခြင်း၊ အသုံးပြုပြီး သည်နှင့် ချက်ချင်းပိတ်ခြင်းတို့ကို ကျင့်သုံးသင့်သည်။ ရေချိုးသည့်အခါ တွင်လည်း မလိုအပ်ဘဲ အချိန်ကြာမြင့်စွာ ရေဖွင့်ထားခြင်းကို ရှောင်ကြဉ်ပြီး ရေချိုးချိန်ကို သင့်တင့်မျှတစွာ လျှော့ချသင့်ပါသည်။



ကိုလည်း ပိုမိုထိန်းသိမ်းနိုင်သည်။

အသုံးပြုပြီးရေကို ပြန်လည်အသုံးချပါ

ရေကို တစ်ကြိမ်အသုံးပြုပြီးတိုင်း စွန့်ပစ်မည့်အစား သင့်လျော်သည့် လုပ်ငန်းများတွင် ပြန်လည်အသုံးပြုခြင်းဖြင့် ရေသုံးစွဲမှုကို ပိုမိုလျှော့ချနိုင်သည်။ ဥပမာအားဖြင့် ဆန်ဆေးရေကို ကြမ်းတိုက်ခြင်းနှင့် အခြားသင့်လျော်သော သန့်ရှင်းရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ ဆေးကြောပြီးရေကိုလည်း အပင် ရေလောင်းရန် ပြန်လည်အသုံးပြုနိုင်သည်။ အဝတ်လျှော်ပြီးရေကိုမူ အိမ်သာရေဆွဲခြင်း၊ ပြင်ပကြမ်းခင်းဆေးကြောခြင်းကဲ့သို့ သင့်လျော်သောလုပ်ငန်းများတွင်သာ အသုံးပြုသင့်ပါသည်။ သို့သော် ရေအားလုံးကို ခွဲခြားမှုမရှိဘဲ ပြန်လည်အသုံးပြုရန်မသင့်ပါ။

ပြန်လည်အသုံးပြုမည့်ရေများကို သောက်သုံးရေနှင့် သီးခြားခွဲထားပြီး သန့်ရှင်းသောပုံများတွင်သာ သိမ်းဆည်းရန်နှင့် အချိန်ကြာမြင့်စွာမထားရှိရန် ဂရုပြုရမည်။ အထူးသဖြင့် ဆပ်ပြာ၊ ဆီနှင့် ဓာတုပစ္စည်းများပါဝင်သောရေများကို စားသုံးသီးနှံများတွင် တိုက်ရိုက်မလောင်းသင့်ပေ။ ထို့ကြောင့် ရေကို ပြန်လည်အသုံးပြုရာတွင် ချွေတာပြီး ရေချိုးချိန်ကို သင့်တင့်မျှတစွာ လျှော့ချသင့်ပါသည်။

**ဓာတ်ပုံ (၁) ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို ဆေးကြောရာတွင် ရေပိုက်မှရေကို ဆက်တိုက်စီးဆင်းစေမည့်အစား ရေဇလုံထဲတွင်စိမ်၍ ဆေးကြောခြင်းက ပိုမိုသင့်လျော်သည်။ အဝတ်လျှော်ရာတွင်လည်း အဝတ်အနည်းငယ်စီ ခဏခဏလျှော်ခြင်းထက် စုပြီးမှလျှော်ခြင်း၊ အဝတ်ပမာဏနှင့်ကိုက်ညီသော ရေပမာဏကို အသုံးပြုခြင်းတို့က ပိုမိုသင့်လျော်သည်။ ထို့အပြင် အားနည်းငယ်စီ ခဏခဏလျှော်ခြင်းထက် စုပြီးမှလျှော်ခြင်း၊ အဝတ်ပမာဏနှင့်ကိုက်ညီသော ရေပမာဏကိုအသုံးပြုခြင်းတို့က ပိုမိုသင့်လျော်သည်။ ထို့အပြင် အားနည်းငယ်စီ ခဏခဏလျှော်ခြင်းထက် စုပြီးမှလျှော်ခြင်း၊ အဝတ်ပမာဏနှင့်ကိုက်ညီသော ရေပမာဏကိုအသုံးပြုခြင်းတို့ ပြုလုပ်သင့်ပါသ

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာလုပ်ငန်းများနှင့် ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်လုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံစော်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်စစ်ဆေးရာ Yangon Aerodrome Co., Ltd. (YACL) အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ပြည်သူများကို ဝန်ဆောင်မှုပြည့်ဝစွာပေးရေး၊ နိုင်ငံတော်၏ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိစေရေး၊ အကောက်ခွန်လုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ တရားမဝင် ကုန်စည်များကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း အကောက်ခွန်ဦးစီးဌာနက ခရီးသည်များ၏ ကုန်ပစ္စည်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register – CEIR) One Stop Service(OSS)ဖြင့် မိုဘိုင်းဖုန်းအခွန်ဆောင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုမရှိစေရေး၊ ခရီးသည်များ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ နိုင်ငံတကာစံနှုန်းများနှင့် အညီ စနစ်တကျမှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





(၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပ

ဖလမ်း နိုဝင်ဘာ ၁၄

(၇၈)ကြိမ်မြောက် ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ပွဲတော်သို့ ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ချင်းရိုးရာနှစ်သစ်ကူးပွဲတော်ကို ဆုတောင်းခြင်းဖြင့် စတင်ကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှစ်သစ်ကူးအမှာစကား ပြောကြားသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၏ တိုးတက်မှုများနှင့် အတူ ယခုကဲ့သို့ ရိုးရာပွဲတော်ကို စည်စည်ကားကား ကျင်းပနိုင်ခြင်းမှာ အားလုံး၏ စည်းလုံးညီညွတ်စွာ ကြိုးပမ်းခဲ့မှု၏ အသီးအပွင့်ဖြစ်ပါကြောင်း ပြောကြားပြီး ချင်းရိုးရာနှစ်သစ်ကူးပွဲ အထိမ်းအမှတ် အားကစားပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် ရိုးရာအကနှင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ပွဲတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ချင်းရိုးရာ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် စာပေပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၂ ရက်မှ ၁၃ ရက်အထိ ကျင်းပကြပြီး ပွဲတော်နေ့ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်တွင် ရိုးရာအကနှင့် ရိုးရာ ဝတ်စုံ ဝတ်စားဆင်ယင်ခြင်းပြိုင်ပွဲနှင့် ဆုပေးပွဲကို ကျင်းပကြကာ ပွဲတော်အထိမ်းအမှတ် အားကစားပြိုင်ပွဲများသို့ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့် အတူ ကြွန်ဘိခဲလမ်း တစ်လျှောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးအဆောက်အအုံနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ RC နှစ်ထပ် ရာနှုန်းပြည့် ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဘဏ်အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အိမ်ရာများတွင် ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မင်းဘူး(စကု)မြို့နယ်၌ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေး အသိပညာပေး

မင်းဘူး နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးရုံး စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဦးဆောင်ပြီး ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲနှင့် စွမ်းအားမြင့်မီးဖိုများပေးအပ်ပွဲကို နိုဝင်ဘာ ၁၂ ရက်က ကုန်းသာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အမှာစကား ပြောကြားပြီး မကွေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရုံး စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး အသိပညာပေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍မကွေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရုံး စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူ ၂၁၈ ဦးအတွက် စွမ်းအားမြင့်မီးဖိုများကို တာဝန်ရှိသူများက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



နို့စားနွားတိုးမြှင့်မွေးမြူရေးနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုမြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

ဟင်္သာတ နိုဝင်ဘာ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး တိုင်းဦးစီးမှူးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဟင်္သာတမြို့ ညောင်ပင်ရပ်ကွက်ရှိ ထွန်းတောကြယ် မွေးမြူရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းသို့ ရောက်ရှိပြီး သမဝါယမအသင်းတွင် နို့စားနွားမွေးမြူထားသည့် အသင်းသားများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းအမှုဆောင် အဖွဲ့များကို နို့စားနွား တိုးမြှင့်မွေးမြူရန်နှင့် နို့ထွက်ပစ္စည်း အရည်အသွေးကောင်းမွန်သော ကုန်ထုတ်လုပ်မှု မြှင့်တင်နိုင်ရေး ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များအား မေးမြန်းပြီး လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အသင်းသား ၁၀ ဦးမှ မွေးမြူထားသည့် နို့စားနွား ၉၇ ကောင် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ထွက်ရှိလာသည့် နွားနို့နှင့် ဒိန်ချဉ်များကိုလည်း ဒေသတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ချမ်းအေးသာစံမြို့နယ်အတွင်း၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ချမ်းအေးသာစံ နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး၏ ဦးဆောင်မှုဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ဝိုင်းမွန်းပလာဇာ၊ ရတနာပုံဈေး၊ Yadanar Mall နှင့် Ocean Super Market နေရာများ၌ မီးဘေးကြိုတင်ကာကွယ်စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ကြည့်ရှုစစ်ဆေး

မီးဘေးလုံခြုံရေးစစ်ဆေးရာတွင် ဝိုင်းမွန်းပလာဇာ၊ ရတနာပုံဈေး၊ Yadanar Mall နှင့် Ocean Super Market များ၏ ရုံတွင်း၊ ရုံပြင် နေရာများတွင် မီးလန့်မှုများမဖြစ်ပေါ်စေရန် မီးဘေးလုံခြုံရေးထားရှိမှုများ စစ်ဆေးခြင်း၊ မြေအောက်မီးသတ်ရေကန်နှင့် ရေငုတ်များ ကောင်းမွန်မှု ရှိ/မရှိစစ်ဆေးခြင်း၊ မီးသတ်မော်တော်ယာဉ်များ ဝင်ထွက်သွားလာနိုင်ရေး စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဈေးရောင်းဈေးဝယ် မိတ်ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်(ပြန်/ဆက်)

ရွှေတိဂုံစေတီတော် ပုဒ္ဓဝင်ပြခန်း၌ လွန်ခဲ့သောနှစ်ပေါင်း ၁၆၀ ခန့်က ရွှေတိဂုံစေတီတော်တွင် တည်ထားခဲ့သည့် အဆောက်အအုံများမှ ကျွန်းတိုင်လုံးများ၊ နေပူခံကျောက်ပြားများ ပြသထားရှိ

ရန်ကုန် နိုဝင်ဘာ ၁၄

ရွှေတိဂုံစေတီတော်ပရိဝုဏ်အတွင်း ဗုဒ္ဓသာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံ ပြင်ဆင်လျက်ရှိပြီး ရွှေတိဂုံစေတီတော် ပရိဝုဏ်ရှိ ဗုဒ္ဓဝင်ပြခန်း၌ လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ခန့်က ရွှေတိဂုံစေတီတော်တွင်တည်ထားခဲ့သည့် အဆောက်အအုံများမှ ကျွန်းတိုင်လုံးများ၊ နေပူခံကျောက်ပြားများကို ပြသထားသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဗုဒ္ဓဝင်ပြခန်းကို ယနေ့မွန်းလွဲပိုင်းတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် သွားရောက်ကြည့်ရှုပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအား စဉ်ဆက်မပြတ် တိကျစွာလိုက်နာဆောင်ရွက်စေလိုကြောင်း၊ ဂေါပက စည်းမျဉ်းပါသတ်မှတ်အရည်အချင်းများနှင့်အညီ ကိုက်ညီအောင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ စေတီတော်၏ဝတ္ထုကဓမ္မအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် အဂါရဝဖြစ်စေသော အပြုအမူများ မပြုလုပ်ကြစေရေး၊ ဘုရားဖူးလာပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရေးတို့အတွက် လုပ်သင့်လုပ်ထိုက်သည်များကို စည်းကမ်းတကျ ဆောင်ရွက်သွားကြစေလိုကြောင်း၊ သာသနာရေးဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ အလှည့်ကျသဘာပတိ ဦးအောင်ဇေယျလင်းနှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက မိမိတို့တာဝန်ယူ ဆောင်ရွက်နေကြသည့် လုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ပြခန်းအတွင်းရှိ ဗုဒ္ဓဝင်ပြခန်း ၂၈ ခန်း ပြကွက်များ၊ ပထမသင်္ကန်းနှာမှ ဆဋ္ဌသင်္ကန်းနှာအထိ ဆောင်ရွက်တော်မူခဲ့ကြသော သင်္ကန်းနှာတင်ပြကွက်များ၊ မြတ်စွာဘုရားရှင်၏ ဗုဒ္ဓဖြစ်တော်စဉ်ပြကွက်များ၊ နှစ်ကျိပ်ရှစ်ဆူဘုရားများပြကွက်နှင့် ပြခန်းအပေါ်ထပ်ရှိ ဗုဒ္ဓဂါယာပြကွက် ရှပ်ကြွပုံစံငယ်များကို လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများပြကွက် ရှပ်ကြွပုံစံငယ်များကိုလည်းကောင်း အသေးစိတ် ကြည့်ရှုစစ်ဆေးကာ လွန်ခဲ့သော (၁၉၉၂-၁၉၉၃)ခုနှစ်က စတင်တည်ဆောက်ခဲ့သော ဗုဒ္ဓဝင်ပြခန်းအား ရှေးမူမပျက် ယခုထက်ပိုမိုရှည်လျားသပ်ရပ် စနစ်ကျစွာထားရှိရေးအတွက် တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမ၌ ပြုလုပ်သည်။



ရှင်းလင်းတင်ပြ

ဦးစွာ မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ကျိုက်မရောမြို့နယ်ကြားဖြတ် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများ၊ မဲဆန္ဒရှင်စာရင်းဆိုင်ရာ ကိစ္စရပ်များ၊ မဲရုံဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် မွန်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပျဉ်းမနားမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ပျဉ်းမနား နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးထိခိုက်မှု ဖြစ်စဉ်များ မဖြစ်ပွားစေရေးအတွက် အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးဟောပြောပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၌ တစ်ပြိုင်တည်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲများတွင် မြို့နယ် ရှစ်မြို့နယ်တို့မှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မွေးမြူရေးတိရစ္ဆာန်များအတွက် ရော အစာကြိုတင်စီမံသိုလှောင်ခြင်း၊ ရောဂါနှင့် အပူဒဏ်မှကာကွယ်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုများအတွက် ပြင်ဆင်ထားခြင်းတို့နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ဒေသခံတောင်သူများ၏ သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လှည်းကူးမြို့နယ်၌ အယ်လ်နီညိုကာလ သောက်သုံးရေ ပြတ်လပ်မှုမဖြစ်စေရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၄



လှည်းကူးမြို့နယ်၌ အယ်လ်နီညိုကာလ သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် သနပ်ပင်ကျေးရွာရှိ သောက်ရေကန်များ ရေဝင်ရောက်မှုအခြေအနေကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကြည်စောနှင့် တာဝန်ရှိသူများသည် လှည်းကူးမြို့နယ်တွင် အယ်လ်နီညိုကာလ သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် သနပ်ပြင်ကျေးရွာရှိ သောက်ရေကန်များ ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အိန္ဒြေစင်လတ်

ကလောမြို့၌ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူများအား အသိပညာပေး

ကလော နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများ၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုကျွမ်းကျင်လာစေရန်နှင့် ပြည်သူများအား ကောင်းမွန်သည့် ဝန်ဆောင်မှုများ ပေးနိုင်စေရန် အတွက် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူများအား ပညာပေးမွမ်းမံသင်တန်း ပြုလုပ်သည်။



ဦးစွာ ကလောမြို့နယ်အခွန်ဦးစီးဌာနမှူးက လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချသူအနေဖြင့် ဥပဒေ၊ နည်းဥပဒေများ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနက ထုတ်ပြန်ထားသောအမိန့်၊ ညွှန်ကြားချက်များနှင့် အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

■

ခရမ်းမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး) ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦးသည် နိုဝင်ဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကျေးလက် လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပိုမိုမြင့်မားလာမည်

အဆိုပါ လမ်း၊ တံတားများ ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ ၁၇ ရက်အထိ မဏ္ဍိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ရတနာပြပွဲများတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ချီးမြှင့်အသိအမှတ်ပြုခဲ့ခြင်းကြောင့် ဝန်ထမ်းများအနေဖြင့် ရတနာပြပွဲဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရခြင်းအပေါ် ဂုဏ်ယူကြစေလိုကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီးကာလ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို စိမ်ချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဝန်ထမ်းများ၊ ဆက်စပ်ဌာနများနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (မြန်မာရွှေဘိအင်တာပရိုက်စ်)မှ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် ဒေါက်တာသောင်းနိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/ လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း/ အမှုထမ်း စုစုပေါင်း ၅၀၀ ကျော်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၄

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူ သွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ မော်ဘီမြို့နယ် တို့ရှိအခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီး ကျောင်းများ၌ ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ် ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်းသည့် နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများ အတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်



အသက် (၂၅) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

အောင်လံ နိုဝင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် တရော်ကုန်းရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ၂၀၂၆ ခုနှစ် အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၂၅) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အောင်လံ(က)အသင်းနှင့် အောင်လံ(ခ)အသင်းတို့ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေကျပြီး ပင်နယ်တီကစား၍ အနိုင်အရှုံးဆုံးဖြတ်ကစားခဲ့ရာ အောင်လံ(က)အသင်း က အနိုင်ရရှိခဲ့သည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ အောင်လံခရိုင် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဦးသက်လွင်က ပထမဆုရရှိသည့် အောင်လံ (က)အသင်းအား ဆုကြေးငွေကျပ် ၁၅ သိန်းနှင့် ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့သည်။ အာကာ(ပြန်/ဆက်)



ကာမိုင်းမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကာမိုင်း နိုဝင်ဘာ ၁၄

ကချင်ပြည်နယ် ကာခိုင်းမြို့တွင် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မြို့မ (၂) ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ခေါ်အေးယုခိုင်က အမှာစကားပြောကြားပြီး ကာခိုင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ယဉ်မင်းမြတ်က မူးယစ်ဆေးဝါးသုံးစွဲရခြင်း၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့် အခြားဆက်စပ်မှမ်းဆီးရမိသည့်ဖြစ်စဉ်အကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ရှောင်ရှားရမည့်အချက်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ ကာမိုင်း(ပြန်/ဆက်)

တွံတေးခရိုင်ကိုယ်စားပြု အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

တွံတေး နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဖလား ခရိုင် ၁၄ ခရိုင် အသက်(၁၈)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ခိုင်းဆု ရရှိခဲ့သည့် တွံတေးခရိုင် ကိုယ်စားပြု အမျိုးသားအသင်း၊ အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အဆင့် ဓမ္မစကြာဒေသနာတော် ရွတ်ဖတ်ပူဇော်ပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိခဲ့သော တွံတေးခရိုင် ကိုယ်စားပြု အထက (နတ်စင်ကုန်း) ကော့မှူးမြို့နယ်တို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ရုံး၌ ကျင်းပသည်။



ဦးစွာ တွံတေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အမှာစကားပြောကြားပြီး အသက်(၁၈)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ခိုင်းဆုရရှိခဲ့သည့် တွံတေးခရိုင်ကိုယ်စားပြု အမျိုးသားအသင်းအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အသက်(၁၈)နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ခိုင်းဆုရရှိခဲ့သည့် တွံတေးခရိုင်ကိုယ်စားပြု အမျိုးသမီးအသင်းအား တွံတေးခရိုင် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းထွန်းနိုင်(ခ)ဦးရွှေဘော်က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မျိုးလှိုင် (တွံတေး)



သဲကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းထိုက်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၄ ရက်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း အပူဒဏ်ကြောင့် မီးဘေးအန္တရာယ်နှင့် မီးလောင်မှု၊ မီးလန့်မှု မဖြစ်စေရေး ကွင်းဆင်းစစ်ဆေးစဉ်။

မြို့နယ် (ပြန်/ဆက်)

အမှိုက်မှ စွမ်းအင်သို့ ... ကမ္ဘာ့မြို့ကြီးများ၏ အတွေ့အကြုံ

ဝေဖြိုးအောင်

ကမ္ဘာတစ်ဝန်းရှိ မြို့ပြဒေသများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြအုပ်ချုပ်ရေးယန္တရားများအတွက် အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုမှာ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုပင်ဖြစ်ပါသည်။ လူဦးရေတိုးပွားလာခြင်း၊ စားသုံးမှုပုံစံများ ပြောင်းလဲလာခြင်းနှင့် စက်မှုလုပ်ငန်းများ ကျယ်ပြန့်လာခြင်းတို့ကြောင့် နေ့စဉ်ထွက်ရှိသော အမှိုက်ပမာဏသည် မြို့ပြအုပ်ချုပ်ရေးအဖွဲ့အစည်းများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာခဲ့သည်။ ရိုးရာစနစ်ဖြစ်သော အမှိုက်ပုံကြီးများတွင် စုပုံစွန့်ပစ်ခြင်းသည် မြေနေရာရှားပါးမှု၊ မြေအောက်ရေညစ်ညမ်းမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ (အထူးသဖြင့် မီသိန်း) ထွက်ပေါ်မှု စသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေပါသည်။

အဆိုပါ ရိုးရာအမှိုက်စွန့်ပစ်မှုစနစ်များ၏ ဆိုးကျိုးများသည် မျက်မှောက်ခေတ်တွင် ပိုမိုသိသာထင်ရှားလာခဲ့သည်။ အထူးသဖြင့် မြို့ပြမြေနေရာများ တန်ဖိုးမြင့်မားလာချိန်တွင် ဧကရာနှင့်ချီသော မြေနေရာများကို အမှိုက်ပုံများအဖြစ် အသုံးပြုရခြင်းသည် စီးပွားရေးအရ လွန်စွာနစ်နာလှပါသည်။ ထို့ပြင် အမှိုက်ပုံများမှ ထွက်ပေါ်လာသော အနံ့ဆိုးများနှင့် ရောဂါပိုးမွှားသယ်ဆောင်သည့် အင်းဆက်၊ ကြွက်စသည်တို့ကြောင့် အနီးဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေးကို ပြင်းထန်စွာထိခိုက်စေပါသည်။ မြေအောက်ရေကြောများထဲသို့ အမှိုက်စိမ့်ရည်များ ဝင်ရောက်ပါက ရေရှည်ဖြေရှင်း၍မရသော သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ဖြစ်ပေါ်စေပါသည်။

ထို့ကြောင့် ခေတ်မီမြို့ကြီးပြကြီးများတွင် အမှိုက်ကို ရိုးရှင်းစွာစွန့်ပစ်မည့်အစား စွမ်းအင်အဖြစ် ပြောင်းလဲထုတ်လုပ်သည့် Waste to Energy (WtE) နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာကြပါသည်။ နည်းပညာနှင့်သိပ္ပံပညာရပ်များ၏ တိုးတက်မှုကြောင့် WtE စက်ရုံများသည် ယခင်ခေတ်များကဲ့သို့ မီးရှို့စက်ရုံသက်သက်မဟုတ်တော့ဘဲ အဆင့်မြင့်စွမ်းအင်ထုတ်လုပ်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေခံအဆောက်အအုံများအဖြစ် အသွင်ပြောင်းလာခဲ့သည်။ အမှိုက်မှ စွမ်းအင်သို့ နည်းပညာသည် အမှိုက်ပမာဏကို ၉၀ ရာခိုင်နှုန်းအထိ လျော့ချပေးနိုင်ပြီး လျှပ်စစ်နှင့် အပူစွမ်းအင်ကိုပါ ထုတ်လုပ်ပေးနိုင်သောကြောင့် မြို့ပြသန့်ရှင်းရေး၊ ပြည်သူ့ကျန်းမာရေးနှင့် စွမ်းအင်ဖူလုံရေးတို့ကို တစ်ပြိုင်နက်တည်း ဖြေရှင်းပေးနိုင်သော မဟာဗျူဟာမြောက်နည်းလမ်းတစ်ခုဖြစ်လာပါသည်။

အမှိုက်မှ စွမ်းအင်သို့နည်းပညာ၏ ကောင်းကျိုးများနှင့် အကျိုးသက်ရောက်မှုများ

အမှိုက်မှ စွမ်းအင်သို့ နည်းပညာကို အသုံးပြုခြင်းဖြင့် မြို့ပြစီမံခန့်ခွဲမှု၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံ့စီးပွားရေးကဏ္ဍများတွင် များစွာသော အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။ ဤကောင်းကျိုးများကို အောက်ပါအတိုင်း ကဏ္ဍအလိုက် အသေးစိတ် ခွဲခြားသုံးသပ်နိုင်ပါသည် -

မြေနေရာဖူလုံစေခြင်းနှင့် မြို့ပြစီမံကိန်းဆိုင်ရာ ကောင်းကျိုးများ

အမှိုက်မှ စွမ်းအင်သို့ နည်းပညာသည် မူလအမှိုက်၏ ထုထည်ပမာဏကို ၉၀ ရာခိုင်နှုန်းအထိ လည်းကောင်း၊ အလေးချိန်ကို ၇၀ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိလည်းကောင်း သိသာစွာလျော့ချပေးနိုင်ပါသည်။ ဤသို့ လျော့ချနိုင်ခြင်းကြောင့် လက်ရှိအသုံးပြုနေသော မြေမြှုပ်အမှိုက်ပုံများ၏ သက်တမ်းကို ဆယ်စုနှစ်များစွာ ဆွဲဆန့်ပေးနိုင်ပါသည်။ မြို့ပြများ ဖွံ့ဖြိုးလာသည်နှင့်အမျှ မြေနေရာသည် အလွန်တန်ဖိုးကြီးမားသော အရင်းအမြစ်တစ်ခု ဖြစ်လာပါသည်။

ရောမအမှိုက်ပုံကြီးများအတွက် မြေနေရာများစွာ ဖယ်ထားရခြင်းကို အမှိုက်မှစွမ်းအင်သို့ နည်းပညာဖြင့် အစားထိုးခြင်းဖြင့် အဆိုပါမြေနေရာများကို လူနေအိမ်ရာများ၊ စီးပွားရေးဇုန်များ သို့မဟုတ် ပြည်သူ့ဝန်းဓိများအဖြစ် ပြန်လည် အသုံးချနိုင်စေပါသည်။ ခေတ်မီအမှိုက်မှ စွမ်းအင်သို့ နည်းပညာစက်ရုံများသည် စမတ်စီးတီးစီမံကိန်းများ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လာသည်။ ဥာဏ်ရည်တုနှင့် အာရုံခံကိရိယာများကိုအသုံးပြု၍ အမှိုက်စုဆောင်းမှု၊ မီးရှို့မှုလုပ်ငန်းစဉ်နှင့် စွမ်းအင်ထုတ်လုပ်မှုတို့ကို အလိုအလျောက် စနစ်ဖြင့် ထိန်းချုပ်နိုင်ကာ မြို့ပြစီမံခန့်ခွဲမှုကို ပိုမို ချောမွေ့စေပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် မြို့ပြသန့်ရှင်းရေးဆိုင်ရာ ကောင်းကျိုးများ

ရိုးရာအမှိုက်ပုံများသည် ကြွက်၊ ယင်၊ ခြင်နှင့် တခြားသော ရောဂါပိုးမွှားသယ်ဆောင်သည့် သတ္တဝါများပေါက်ပွားရာ အသိုက်အမြုံကြီးများ ဖြစ်သည်။ အမှိုက်မှ စွမ်းအင်စက်ရုံများက အမှိုက်များ ရောက်ရှိသည်နှင့်တစ်ပြိုင်နက် မီးရှို့ဖျက်ဆီးလိုက်သောကြောင့် ကာလဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများပြန့်ပွားမှုကို သိသာစွာတားဆီးပေးနိုင်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များကို များစွာသက်သာစေပါသည်။ အမှိုက်မှ စွမ်းအင်သို့ နည်းပညာစက်ရုံများသည် လေဖိအား အနုတ်စနစ်ဖြင့် လည်ပတ်ထားသောကြောင့် အမှိုက်များမှ ထွက်ပေါ်လာသောအနံ့ဆိုးများက ပြင်ပလေထုထဲသို့ လုံးဝမယုံနှံနိုင်ပါ။ အဆိုပါ အနံ့ဆိုးပါဝင်သောလေများကို မီးဖိုထဲသို့ လေဝင်ပေါက်များအဖြစ် ပြန်လည်စုပ်ယူ အသုံးပြုသောကြောင့် အနံ့အသက်ကင်းစင်ပြီး မြို့ပြအင်္ဂါရုပ်ကို ပိုမိုလှပစေပါသည်။

အပူချိန် ၈၅၀ မှ ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထက်တွင် လည်ပတ်သောကြောင့် ဆေးရုံသုံးအမှိုက်များ၊ ရောဂါပိုးမွှားများနှင့် အချို့သော အန္တရာယ်ရှိ ဓာတုစွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာအပြည့်အဝ ပြာအဖြစ် ပြောင်းလဲလိုက်သဖြင့် ဤရေဆိုးထွက်ရှိမှုပြဿနာကို အမြစ်ပြတ် ဖြေရှင်းပေးနိုင်ပါသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကောင်းကျိုးများ

အမှိုက်ပုံများတွင် အော်ဂဲနစ်အမှိုက်များ ဆွေးမြည့်ရာမှ ကာဗွန်ဒိုင်အောက်ဆိုက်ထက် ၂၅ ဆ မှ အဆ ၈၀ ခန့် ပိုမိုပြင်းထန်သော မီသိန်း (Methane – CH_4) ဓာတ်ငွေ့များ ထွက်ပေါ်ပါသည်။ အမှိုက်မှ စွမ်းအင်သို့ နည်းပညာသည် အမှိုက်များကို လောင်ကျွမ်းစေခြင်းဖြင့် မီသိန်းဓာတ်ငွေ့ထွက်ပေါ်မှုကို တားဆီးနိုင်ရုံသာမက လျှပ်စစ်ထုတ်လုပ်ပေးသဖြင့် ရုပ်ကြွင်းလောင်စာ(ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့) သုံးစွဲမှုကို အစားထိုးနိုင်ကာ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေပါသည်။ ခေတ်မီအမှိုက်မှ စွမ်းအင်စက်ရုံများသည် ရိုးရာမီးရှို့စက်များနှင့်မတူဘဲ အဆင့်မြင့်သော လေထုသန့်စင်ရေးစနစ်များကို တပ်ဆင်ထားသည်။ ထို့ကြောင့် ပြင်ပသို့ ထုတ်လွှတ်လိုက်သော မီးခိုးငွေ့သည် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်စံချိန်စံညွှန်းများထက်ပင် ပိုမိုသန့်စင်နေလေ့ရှိသည်။

“အမှိုက်မှ စွမ်းအင်သို့ နည်းပညာသည် အမှိုက်များကို လောင်ကျွမ်းစေခြင်းဖြင့် မီသိန်းဓာတ်ငွေ့ထွက်ပေါ်မှုကို တားဆီးနိုင်ရုံသာမက လျှပ်စစ်ထုတ်လုပ်ပေးသဖြင့် ရုပ်ကြွင်းလောင်စာ(ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့) သုံးစွဲမှုကို အစားထိုးနိုင်ကာ ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေပါသည်။ ခေတ်မီအမှိုက်မှ စွမ်းအင်စက်ရုံများသည် ရိုးရာမီးရှို့စက်များနှင့်မတူဘဲ အဆင့်မြင့်သော လေထုသန့်စင်ရေးစနစ်များကို တပ်ဆင်ထားသည်။ ထို့ကြောင့် ပြင်ပသို့ ထုတ်လွှတ်လိုက်သော မီးခိုးငွေ့သည် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်စံချိန်စံညွှန်းများထက်ပင် ပိုမိုသန့်စင်”

စီးပွားရေး၊ စွမ်းအင်ဖူလုံရေးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ ကောင်းကျိုးများ

နေရောင်ခြည်နှင့် လေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များသည် ရာသီဥတုအခြေအနေအပေါ် မှီခိုနေရသဖြင့် အချိန်ပြည့် လျှပ်စစ်မထုတ်ပေးနိုင်ပါ။ သို့သော်အမှိုက်မှစွမ်းအင် စက်ရုံများသည် နေ့ရော ည ပါ ၂၄ နာရီပတ်လုံး လည်ပတ်နိုင်ပြီး တည်ငြိမ်သော အခြေခံလျှပ်စစ်ဓာတ်အားကို ပေးစွမ်းနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်ကို ပြည်ပမှတင်သွင်းရသော ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုနေရခြင်းထက် ပြည်တွင်းမှမဖြစ်မနေထွက်ရှိနေသော အမှိုက်များကိုအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းသည် နိုင်ငံ၏ စွမ်းအင်လုံခြုံရေးနှင့် အမျိုးသားကာကွယ်ရေး မဟာဗျူဟာအတွက် အလွန်အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။

အမှိုက်မှ စွမ်းအင်စက်ရုံတည်ဆောက်ခြင်း၊ လည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အမှိုက်စုဆောင်းခြင်း ကွင်းဆက်တစ်လျှောက်တွင် အင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများနှင့် အခြေခံလုပ်သားများအတွက် အရည်အသွေးဖြင့် အလုပ်အကိုင်ပေါင်းများစွာကို တိုက်ရိုက်ရော သွယ်ပိုက်၍ပါ ဖန်တီးပေးနိုင်ပါသည်။

အမှိုက်များကို မီးရှို့ပြီးနောက် ကျန်ရှိနေသော အောက်ခံပြာများထဲမှ သံလိုက်နှင့် အခြားခွဲခြားရေးစက်များအသုံးပြု၍ သံ၊ ကြေးနီ၊ အလူမီနီယံ စသည့် သတ္တုများကို ပြန်လည်ထုတ်ယူကာ စက်မှုကုန်ကြမ်းအဖြစ် ပြန်လည်ရောင်းချနိုင်ပါသည်။ အေးချမ်းသော ရာသီဥတုရှိသည့် နိုင်ငံများတွင် လျှပ်စစ်ထုတ်လုပ်ပြီး ကျန်ရှိသောအပူငွေ့ကို မြို့ပြများရှိ နေအိမ်များသို့ ရေနွေးပိုက်လိုင်းများဖြင့်ပေးပို့ကာ အပူပေးစနစ်အဖြစ်ပါ အကျိုးရှိရှိအသုံးပြုနိုင်ကြသည်။

အမှိုက်မှစွမ်းအင်သို့ နည်းပညာအမျိုးအစားများ အသေးစိတ်လေ့လာချက်

အမှိုက်မှ စွမ်းအင်ထုတ်လုပ်ရာတွင် အသုံးပြုသော နည်းပညာများကို အမှိုက်၏သဘောသဘာဝ၊ ရင်းနှီးမြှုပ်နှံနိုင်စွမ်းနှင့် မြို့ပြ၏လိုအပ်ချက်များအပေါ်မူတည်၍ အောက်ပါအတိုင်း ခွဲခြားအသုံးပြုနိုင်ပါသည်-

အပူပေးလောင်ကျွမ်းစေခြင်း

ဤနည်းပညာသည် ကမ္ဘာပေါ်တွင် အသုံးအများဆုံး အမှိုက်မှစွမ်းအင်သို့ နည်းပညာဖြစ်သည်။ ဝင်ရောက်လာသော အမှိုက်များကို ကြိုတင်ခွဲခြားမှု အနည်းငယ်သာပြုလုပ်ပြီး (သို့မဟုတ်) လုံးဝမပြုလုပ်ဘဲ ဧကာမမီးဖိုကြီးများထဲသို့ တိုက်ရိုက်ထည့်သွင်း မီးရှို့သည့်စနစ်ဖြစ်သည်။ အမှိုက်များကို အပူချိန် ၈၅၀ မှ ၁၀၀၀ ဒီဂရီစင်တီဂရိတ်အထိ မီးရှို့ပြီး ထွက်ပေါ်လာသော အပူဖြင့် ရေနွေးငွေ့ထုတ်ကာ တာဘိုင်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည်။ ခေတ်မီ Incinerator များတွင် Moving Grate စနစ်ကို အသုံးပြုထားသဖြင့် အမှိုက်များကို မီးဖိုထဲတွင်ရွေ့လျားစေပြီး အပြည့်အဝ လောင်ကျွမ်းစေရန် ဖန်တီးထားသည်။ ဤနည်းပညာသည် စွန့်ပစ်ပစ္စည်းပါးပြီး ကယ်လိုရီတန်ဖိုးမြင့်မားသော အမှိုက်များအတွက် အသင့်တော်ဆုံးဖြစ်သည်။

ဓာတ်ငွေ့ပြောင်းလဲခြင်းနှင့် Pyrolysis

ဓာတ်ငွေ့ပြောင်းလဲခြင်း (Gasification) နှင့် Pyrolysis နည်းပညာသည် အောက်ဆီဂျင်မပါဝင်ဘဲ သို့မဟုတ်

စာမျက်နှာ ၁၁ သို့ *

တရုတ်နိုင်ငံ ရှန်းကျန့်မြို့ရှိ Shenzhen East WtE Plant စက်ရုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း)၌ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့မှုမှာ ယနေ့အထိ ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၅၄၂၂၇၄၀၀ ရှိပြီဖြစ်

နေပြည်တော် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်ငါးမြို့နယ်၌ ရေဘေးရှောင်စခန်း ၂၃ ခု၊ အိမ်ထောင်စု ၁၂၃၈ စု၊ လူဦးရေ ၄၅၄၉ ဦး ယာယီရေဘေးရှောင်လျက်ရှိပြီး အဆိုပါပြည်သူများအတွက် ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့မှုမှာ ယနေ့အထိ ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၅၄၂၂၇၄၀၀ ဖြစ်ပြီး ရေကြီးရေလျှံမှုကြောင့် ပြည်နယ်အတွင်း အခြေခံစာသင်ကျောင်း ၅၇ ကျောင်း ယာယီပိတ်ခဲ့ရကာ ယခုအခါတွင် ရေများပြန်လည်ကျဆင်းနေပြီဖြစ်သဖြင့် ပြန်လည်ဖွင့်လှစ်ရန် ကျောင်းပေါင်း ၂၄ ကျောင်းသာ ကျန်ရှိလျက်ရှိရာ အဆိုပါကျောင်းများ ရေကျသွားသည်နှင့် ဆောလျင်စွာ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးများအား အချိန်မီ ပညာသင်ကြားနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းကူညီ ပေးလျက်ရှိသည်။



ရှင်းလင်းပြောကြား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုလွင်သည် ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီး၊ ကချင်တိုင်းရင်းသားရေးရာဝန်ကြီး၊ လားဟူတိုင်းရင်းသားရေးရာဝန်ကြီး၊ အာခါတိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့သို့သွားရောက်ကာ နမ့်လတ်ချောင်းရေကြီးမှုကြောင့် ရပ်ကွက်(၁)၊ ရပ်ကွက်(၃)၊ ရပ်ကွက်(၄) တို့တွင် ရေကြီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ပြည်ထောင်စုသို့ တင်ပြလမ်းညွှန်မှု ခံယူဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စွန္ဒီဂျာမေ့ဗလီ (ယာယီရေဘေးရှောင်စခန်း)ရှိ ယာယီရေဘေးရှောင်များအား ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများ ထောက်ပံ့ခြင်း၊ နှစ်သိမ့်အားပေးခြင်းများ ဆောင်ရွက်ပေးကာ နမ့်စန်မြို့နယ်ရှိ အလက(ခွဲ) (၁) ရေဝင်ရောက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေများပြန်ကျချိန်တွင် စာသင်ဆောင်များ သန့်ရှင်းရေးအမြန်ဆောင်ရွက်ကာ ကျောင်းအမြန်ဆုံးပြန်ဖွင့်နိုင်ရေး ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် ဗုဒ္ဓရာဇာဘုန်းကြီးကျောင်းအပါအဝင် ယာယီရေဘေးရှောင်စခန်းများတွင် ခိုလှုံနေသော အိမ်ထောင်စု ၂၇၅ စုမှ ယာယီရေဘေးရှောင်ပြည်သူ ၁၀၈၉ ဦးအား ဆန်ရိက္ခာဖိုး၊ ခေါက်ဆွဲခြောက်နှင့် ငါးသေတ္တာများအပါအဝင် ထောက်ပံ့မှုတန်ဖိုးငွေကျပ် ၁၄၁၁၆၃၀၀ ကို ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လွိုင်လင်မြို့အနီး မိုင်တိုင်အမှတ် (၁၆၉/၅) တောင်ကြီး-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်သို့ ရေကြီးရေလျှံမှုကြောင့် နိုဝင်ဘာ ၁၀ ရက်မှစ၍ အသွားအလာပြတ်တောက်နေသည့် နေရာသို့သွားရောက်ကာ အမြန်ဆုံးလမ်းပွင့်နိုင်ရေး အတွက် ပြည်နယ်အစိုးရ၏ ကြီးကြပ်လမ်းညွှန်မှုအရ ဌာနဆိုင်ရာများပူးပေါင်း၍ ခြောက်လက်မပန့်ရေစုပ်စက်ကြီးများ၊ မီးသတ်ယာဉ်များဖြင့် နေရာအဆင့်ဆင့်မှ ရေစုပ်ထုတ်ကာ ရေလျှော့ချနေရေး ဆောင်ရွက်နေမှု၊ ပြည်ထောင်စုလမ်းမကြီး ရေလွှမ်းမှုကြောင့် ကုန်ကားကြီးအစီးရေ ၄၀၀ ကျော် သွားလာရန်စောင့်စားနေရမှုအခြေအနေနှင့် လွိုင်လင်မြို့နယ်ရှိ တာဝန်ရှိသူများက ယာဉ်မောင်းများအား လတ်တလော စားဝတ်နေရေး အဆင်ပြေစေရန်နှင့် လုံခြုံရေးကိစ္စပံ့ပိုးကူညီနေမှုများကို ကြည့်ရှုစစ်ဆေး၍ ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် တင်ပြနိုင်ရေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြံခင်းမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီ၊ ကြက်ဥများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

ကြံခင်း နိုဝင်ဘာ ၁၄

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား စားအုန်းဆီနှင့် ကြက်ဥများကို သက်သာသောဈေးနှုန်းဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧရာဦးခန်းမ၌ ယမန်နေ့တွင် ရောင်းချပေးသည်။



ရောင်းချရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ၊ တိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း ဗဟိုအလုပ်အမှုဆောင်ဦးကျော်ဝင်းမော်တို့၏ ကြီးကြပ်မှုဖြင့် စားအုန်းဆီတစ်ပိသာလျှင် ၈၁၂၉ ကျပ်နှုန်း၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၅၀၀ တို့ဖြင့် ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးလျှင် စားအုန်းဆီ ၅၀ကျပ်သားနှင့် ကြက်ဥ ၁၀ လုံးတို့ကို ဌာနဆိုင်ရာဝန်ထမ်း ၁၇၇ ဦးတို့အား ရောင်းချပေးခဲ့သည်။

မြို့နယ်အတွင်း ရုံးဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်စေရန် နိုဝင်ဘာလအတွင်း အပတ်စဉ် သောကြာနေ့တိုင်း ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်ဦးဇော်မိုးဦး၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ဦးစီးအရာရှိ(မြို့ပြ)တို့ နိုဝင်ဘာ ၁၂ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆွေနွယ်(ပြန်/ဆက်)

*** စာမျက်နှာ ၁၀ မှ**

အနည်းငယ်သာပါဝင်သော အခြေအနေတွင် အလွန်မြင့်မားသော အပူချိန်ဖြင့် အမှိုက်များကို ဖြိုခွဲကာ Syngas (Synthesis Gas) ဟုခေါ်သော လောင်ကျွမ်းနိုင်သည့် ဓာတ်ငွေ့ထုတ်လုပ်သော နည်းပညာများဖြစ်သည်။ Syngas တွင် အဓိကအားဖြင့် ကာဗွန်မိုနောက်ဆိုက် (CO) နှင့် ဟိုက်ဒရိုဂျင် (H_2) တို့ပါဝင်သည်။ ဤဓာတ်ငွေ့ကို သန့်စင်ပြီးနောက် ဓာတ်ငွေ့တာဘိုင်များ သို့မဟုတ် ဓာတ်ငွေ့အင်ဂျင်များတွင်အသုံးပြု၍ လျှပ်စစ်ထုတ်လုပ်နိုင်သည်။ ဤနည်းစနစ်သည် ရိုးရိုးမီးရှို့ခြင်းထက် ပိုမိုသန့်စင်သော်လည်း ကုန်ကျစရိတ်ပိုမိုကြီးမားပြီး နည်းပညာပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများစွာရှိပါသည်။

ဇီဝနည်းဖြင့် ဆွေးမြည့်စေခြင်း

ဇီဝနည်းဖြင့် ဆွေးမြည့်စေခြင်း(Anaerobic Digestion – AD) နည်းပညာသည် အစားအသောက်စွန့်ပစ်ပစ္စည်းများနှင့် စိုစွတ်သောအမှိုက်များအတွက် အသင့်တော်ဆုံးဖြစ်သည်။ လေမဲ့အခြေအနေတွင် ဗက်တီးရီးယားများဖြင့် ဆွေးမြည့်စေပြီး ဇီဝဓာတ်ငွေ့ (Biogas – Methane) ထုတ်လုပ်ကာ လျှပ်စစ်နှင့် ဓာတ်မြေသြဇာရယူသည်။ အာရှနိုင်ငံအများစုတွင်ထွက်ရှိသော မြို့ပြအမှိုက်များ၌ စားကြွင်းစားကျန်နှင့် ရေဓာတ်ပါဝင်မှု အလွန်မြင့်မားသဖြင့် မီးရှို့စက်ရုံများထက်စာလျှင် ဤ AD နည်းပညာက ပိုမိုသင့်လျော်မှုရှိနိုင်ပါသည်။ ထွက်ရှိလာသော ဇီဝဓာတ်ငွေ့ကိုသန့်စင်ပြီး ယာဉ်များတွင် လောင်စာအဖြစ် အသုံးပြုခြင်း သို့မဟုတ် လျှပ်စစ်ထုတ်လုပ်ရာတွင် အသုံးပြုနိုင်ပြီး ကျန်ရှိသောအနှစ်များကို စိုက်ပျိုးရေးသုံးသဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးချနိုင်ပါသည်။

အမှိုက်ပုံမှ ဓာတ်ငွေ့ထုတ်ယူခြင်း

အမှိုက်ပုံမှ ဓာတ်ငွေ့ထုတ်ယူခြင်း (Landfill Gas Recovery) နည်းပညာသည် လက်ရှိအသုံးပြုနေသော သို့မဟုတ် ပိတ်သိမ်းထားသော အမှိုက်ပုံကြီးများမှ ထွက်ပေါ်လာသော မီသိန်းဓာတ်ငွေ့ကို စုစည်းစုပ်ယူပြီး စွမ်းအင်အဖြစ် အသုံးပြုခြင်းဖြစ်သည်။ အမှိုက်ပုံထဲသို့ ပိုက်လိုင်းများ ထိုးသွင်းကာ စုဆောင်းရရှိသော ဓာတ်ငွေ့များကို သန့်စင်ပြီးနောက် လျှပ်စစ်ဓာတ်အားပေးစက်များ မောင်းနှင်ရာတွင်အသုံးပြုသည်။ ယင်းသည် လက်ရှိ ရှိပြီးသား အမှိုက်ပုံကြီးများမှ ဖန်လုံအိမ်ဓာတ်ငွေ့ ထွက်ပေါ်မှုကိုတားဆီးရန် အထိရောက်ဆုံး ကနဦးလုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

ကမ္ဘာ့မြို့ကြီးများ၏ အမှိုက်မှ စွမ်းအင်သို့ နည်းပညာအတွေ့အကြုံနှင့် စီမံခန့်ခွဲမှုပုံစံများ

ကမ္ဘာ့ထိပ်တန်းမြို့ကြီးများသည် ယင်းတို့၏ မြို့ပြအုပ်ချုပ်ရေး၊ အခြေခံအဆောက်အအုံနှင့် ပြည်သူ့ကျန်းမာရေးမူဝါဒများအပေါ် မူတည်၍ မတူညီသောအမှိုက်မှ စွမ်းအင်စနစ်များကို အကောင်အထည်ဖော်လျက်ရှိသည်။ မြို့ကြီးများ၏ အောင်မြင်မှုများကို လေ့လာခြင်းဖြင့် မြို့ပြစီမံခန့်ခွဲသူများအတွက် အဖိုးတန်သင်ခန်းစာများ ရရှိနိုင်ပါသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ Mapo Resource Recovery Facility သည် အမှိုက်ပြဿနာကို အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခဲ့သော အကောင်းဆုံးသာဓကတစ်ခုဖြစ်သည်။ ယခင်က ဧရာမအမှိုက်ပုံကြီးဖြစ်ခဲ့သော Nanjido နေရာကို ဂေဟစနစ်နှင့်ညီညွတ်သည့် World Cup Park ပန်းခြံအဖြစ် အံ့မခန်းပြောင်းလဲတည်ဆောက်ခဲ့ပြီး အဆိုပါအမှိုက်မှ စွမ်းအင်စက်ရုံမှထွက်ရှိသော အပူစွမ်းအင်ကို အနီးအနားရှိ လူနေအိမ်ရာများအတွက် အပူပေးစနစ်အဖြစ် ဖြန့်ဝေပေးပါသည်။ တောင်ကိုရီးယား၏ တိကျသောအမှိုက်စွန့်ပစ်ခကောက်ခံမှုစနစ်ကြောင့် ပြည်သူများသည် အမှိုက်ကို စနစ်တကျ ခွဲခြားစွန့်ပစ်လာကြပြီး စက်ရုံ၏ လည်ပတ်မှုစွမ်းဆောင်ရည်မှာ အလွန်မြင့်မားလျက်ရှိပါသည်။

တရုတ်နိုင်ငံ ရှန်းကျန့်မြို့

တရုတ်နိုင်ငံ၏ နည်းပညာမြို့တော်ရှန်းကျန့်တွင် ကမ္ဘာ့အကြီးဆုံးဖြစ်လာမည့် Shenzhen East WtE Plant ကို တည်ဆောက်လျက်ရှိသည်။ တစ်ရက်လျှင် အမှိုက်တန်ချိန် ၅၀၀၀ အထိ မီးရှို့နိုင်မည်ဖြစ်ပြီး မြို့တော်၏အမှိုက်ပြဿနာကို ကြီးမားစွာဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ စက်ရုံ၏ အမိုးတစ်ခုလုံးကို နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ (၄၄၀၀၀ စတုရန်းမီတာ) ခင်းကျင်းထားပြီး အမှိုက်မှသာမက နေရောင်မှပါ စွမ်းအင်ထုတ်လုပ်မည့် အဆင့်မြင့်ဒီဇိုင်းဖြစ်သည်။ ဤစက်ရုံသည် စက်ရုံသက်သက်သာမက အများပြည်သူလာရောက်လေ့လာနိုင်သည့် ပညာပေးစင်တာတစ်ခုအဖြစ်ပါ ဆွဲဆောင်မှုရှိအောင် တည်ဆောက်ထားသည်။

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ဥက္ကဋ္ဌရာသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဥက္ကဋ္ဌရာသီရိမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်ဆွေက ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး အချိန်ပိုသင်ကြားမှုအစီအစဉ်နှင့် စခန်းသွင်းလေ့ကျင့်မည့်အစီအစဉ်အတွက် အုပ်ချုပ်ထောက်ပံ့မှုပိုင်းဆိုင်ရာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငြိမ်းဌေးက ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး အချိန်ပိုသင်ကြားမှုအစီအစဉ်နှင့် စခန်းသွင်းလေ့ကျင့်မည့်အစီအစဉ်အတွက် သင်ကြားရေးပိုင်းဆိုင်ရာကိစ္စရပ်များ တင်ပြပြီး ဘာသာရပ်သင် ဆရာဆရာမများက ၎င်းတို့၏ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မှာ ကျောင်းအုပ်ကြီး၏ဦးဆောင်စည်းရုံးနိုင်မှု၊ ဆရာ ဆရာမများ ပြည့်စုံလုံလောက်မှု၊ ၎င်းဆရာ ဆရာမများ၏အရည်အချင်း၊ ဘာသာရပ်ကျွမ်းကျင်ပိုင်နိုင်မှု၊ စေတနာထားသင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ အခြေခံအရည်အသွေးနှင့် ကြိုးစားအားထုတ်မှု၊ မိဘများ၏ အားပေးမှု၊ တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးကြပ်ပံ့ပိုးမှုအပေါ် မူတည်ကြောင်း၊ ကျောင်းသား ကျောင်းသူတစ်ဦးချင်းစီ၏ ပညာရေးအခြေအနေကို စနစ်တကျစီစစ်၍ အောင်နိုင်ခြေရှိသူ၊ အားနည်းသူနှင့် ဂုဏ်ထူးမျှော်မှန်းနိုင်သူများ ခွဲခြားသတ်မှတ်စေလိုကြောင်း၊ ဘာသာရပ်အလိုက် သင်ကြားရေးအစီအစဉ်၊ စာမေးပွဲဖြေဆိုလေ့ကျင့်ရေးအစီအစဉ်နှင့် တိုးတက်မှုစစ်ဆေးရေးအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်စေလိုကြောင်း ပြောကြားသည်။

ထို့ပြင် တက်ရောက်လာကြသူများက ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး အချိန်ပိုသင်ကြားမှုအစီအစဉ်အတွက် ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသိရိ)**

ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၌ အခြေခံကိုယ်လုံပညာသင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ခရိုင် အမျိုးသမီးရေးရာ အဖွဲ့နှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း၌ အခြေခံကိုယ်လုံပညာသင်တန်းဖွင့်လှစ်နေမှုကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နွဲ့ဇာခြည်ဦး၊ မရမ်းကုန်း ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်နှင့် အဖွဲ့ဝင်များက ကျိုက်ဝိုင်း လူငယ်သင်တန်း ကျောင်းတွင် အခြေခံကိုယ်လုံပညာ သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသား များအား အနေးနှင့် မုန့်များ ဝေငှပေးခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူမှုဝန်ထမ်း ဦးစီးဌာန မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေး ဂေဟာသို့ သွားရောက်ကာ သင်တန်းကျောင်းရှိ မသန်စွမ်းကလေးများအား တွေ့ဆုံအားပေးပြီး သင်တန်းကျောင်းအား လှည့်လည်ကြည့်ရှုသည်။ ယင်နောက် ရန်ကုန် တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့က တစ်နေ့တာ အာဟာရကျွေးမွေးခြင်းနှင့် ကျောင်းအတွက် လှူဒါန်းငွေ နှစ်သိန်းကျပ်ကို ထောက်ပံ့ပြီး ကျောင်းတာဝန်ခံက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအတွက် ပညာပေးမွမ်းမံသင်တန်း ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၏ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

သင်တန်းတွင် အောင်မြေသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြတ်ထွန်းက အခွန်တံဆိပ်ခေါင်းဆိုင်ရာ သိသင့်သိထိုက်သည့်အသိပညာများ၊ လုပ်ငန်းဆိုင်ရာ သိရှိလိုက်နာရမည့်အချက်များကို ဟောပြောသည်။

အဆိုပါသင်တန်းသို့ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရနှင့် ပုသိမ်ကြီး မြို့နယ်တို့မှ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများနှင့် အခွန်ဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**



သာပေါင်းမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ချေးငွေများထုတ်ချေး

သာပေါင်း နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သာယာမနှစ်စီမံကိန်းစက်ဝန်း ချေးငွေထုတ်ချေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်တွင် သက်နီးပင်ဆိပ် ကျေးရွာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းချေးငွေအား သက်နီးပင်ဆိပ်ကျေးရွာမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အသေးစားရောင်းဝယ်ရေးလုပ်ကိုင်သူ အသင်းသူ အသင်းသား ၁၂၂ ဦးအတွက် ငွေကျပ် ၄၆ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြိတ်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး အသိပညာပေး ဟောပြော

မြိတ် နိုဝင်ဘာ ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့တွင် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောရာတွင် မြိတ်မြို့နယ် သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးဝေယံမြင့်ချိုက သစ်တောထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးပြောကြားပြီး တောအုပ်ကြီး ဦးဖုန်းမြင့်က တောမီးကာကွယ်ရေးဆိုင်ရာအကြောင်းအရာများနှင့် တောအုပ်ကြီး ဦးခင်မောင်ဆန်းက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးပြောကြားပြီး သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



မြောင်းမြမြို့၌ စူပါနှံကောက်စပါးမျိုးစံကွက် တစ်ကေလျှင် ၁၂၈ တင်းနှုန်း ထွက်ရှိ

မြောင်းမြ နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် စမ်းသပ်စိုက်ပျိုးထားသည့် စူပါနှံကောက်စပါးမျိုးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကံကြီးကျေးရွာအုပ်စု ဦးမိုးဝင်း၏ စပြိစိုက်ကွက် ၈က ၁၀၀ အတွင်း၌ ကျင်းပသည်။

အဆိုအပါအခမ်းအနားသို့ မြောင်းမြခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု လေးအုပ်စုရှိ တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧက အခြောက်အထွက်နှုန်း ၁၂၈ တင်း ထွက်ရှိကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အာဖဂန်အစိုးရနှင့် ရုရှားနိုင်ငံတို့ အမေရိကန်ဒေါ်လာ ၁၀၃ သန်းတန်ဖိုးရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လက်မှတ်ရေးထိုး

ကဘူး နိုဝင်ဘာ ၁၄

အာဖဂန်အစိုးရနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ အမေရိကန်ဒေါ်လာ ၁၀၃ သန်းတန်ဖိုးရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာတစ်ရပ်ကို ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း အာဖဂန်အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဟမ်ဒူလာရှိဖိထရက်က ပြောကြားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို ရုရှားဒုတိယဝန်ကြီးချုပ် အလက်ဇီ အိုဗာချွတ်ခ်နှင့် အာဖဂန်စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ် မူလာ အဗ္ဒူလ်ဂါနီ ဘရာဒါတို့က လက်မှတ်ရေးထိုးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရောက်ရှိ

ရုရှားဒုတိယဝန်ကြီးချုပ် အလက်ဇီ အိုဗာချွတ်ခ်ဦးဆောင်သည့် ရုရှားကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



ဗီယက်နမ်နိုင်ငံရှိ ကျောင်းများတွင် တာဝန်ထမ်းဆောင်မည့်သူများ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်စွာ တတ်မြောက်ရမည်

ဟနွိုင်း နိုဝင်ဘာ ၁၄

ဗီယက်နမ်နိုင်ငံတွင် အင်္ဂလိပ်ဘာသာစကားကို ဒုတိယဘာသာစကားဖြစ်ရမည်ဆိုသည့် သတ်မှတ်ချက် ပြည့်မီစေရေးအတွက် အထွေထွေပညာရေး ကျောင်းများတွင် တာဝန်ထမ်းဆောင်သည့် ကျောင်းအုပ်နှင့် ဒုတိယကျောင်းအုပ်များအနေဖြင့် အင်္ဂလိပ်ဘာသာစကားဖြင့် နိုင်ငံခြားသားများအား ကျွမ်းကျင်စွာ ပြောဆိုဆက်သွယ်နိုင်ရမည် ဆိုသည့် သတ်မှတ်ချက်ကို ပညာရေးနှင့် လေ့ကျင့်ရေး ဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ခဲ့သည်။



ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် စတင်အကျုံးဝင်မည့် ကျောင်းများတွင် အင်္ဂလိပ်ဘာသာစကားကို ဒုတိယ ဘာသာစကားအဖြစ် သတ်မှတ်ပြဋ္ဌာန်းရေး စီမံကိန်းအတွက် စံသတ်မှတ်ချက်များနှင့် အကဲဖြတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်တစ်စောင်တွင် အဆိုပါ ညွှန်ကြားချက်ကို ပညာရေးနှင့် လေ့ကျင့်ရေးဝန်ကြီးဌာနက ထည့်သွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဝန်ကြီးဌာနက ပညာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် အင်္ဂလိပ်ဘာသာစကား အရည်အသွေးများကို အကဲဖြတ်ရာတွင် အဆင့် (၃)ဆင့်ဖြင့် သတ်မှတ်ထားကြောင်းနှင့် အဆင့် (၃) မှာ အဖြင့်ဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

ကျောင်းများအနေဖြင့် အဆင့်(၁) နှင့် အဆင့်(၂) ရရှိရန်အတွက် သက်ဆိုင်ရာ ကျောင်းများတွင် တာဝန်ထမ်းဆောင်မည့် ကျောင်းအုပ်(သို့မဟုတ်)ဒုတိယကျောင်းအုပ်သည် နိုင်ငံခြားသားများနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် တိုက်ရိုက်ပြောဆို ဆက်သွယ်နိုင်ရမည်ဖြစ်ကာ အဆင့်(၃)အဆင့်ရှိ ကျောင်းတွင် တာဝန်ထမ်းဆောင်မည့် ကျောင်းအုပ်ချုပ်ရေးအကြီးအကဲ အနည်းဆုံး နှစ်ဦးသည် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်ဖြစ်သည်။

VN Express

အာဖရိကတွင် အီဘိုလာရောဂါကူးစက်ခံရသူ ၁၁၀၀၀ ကျော်ရှိပြီး ၅၄၃၇ ဦး သေဆုံး

အခဲအဘာဘာ နိုဝင်ဘာ ၁၄

အာဖရိကဒေသ၌ ဘွန်ဒီဘူဂျို အီဘိုလာရောဂါ စတင်ဖြစ်ပွားခဲ့သည်မှာ ခြောက်လပြည့်မြောက်လာချိန်တွင် ရောဂါအတည်ပြုလူနာ ၁၁၀၀၀ကျော်ရှိလာပြီး သေဆုံးသူဦးရေလည်း ဆက်လက်မြင့်တက်လျက်ရှိကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့ ပြောကြားသည်။

အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက လက်ရှိ အီဘိုလာရောဂါဖြစ်ပွားမှုသည် အာဖရိကတိုက်၏ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ စွမ်းဆောင်ရည်ကို စမ်းသပ်နေသည့် အခြေအနေတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရောဂါတုံ့ပြန်ထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များ အပေါ် စိုးရိမ်ကြောင်းလည်း ပြောကြားသည်။

အီဘိုလာရောဂါ စတင်ဖြစ်ပွားခဲ့သည်မှာ ခြောက်လပြည့်မြောက်လာပြီဖြစ်သော်လည်း တိုးတက်မှုအချို့ရှိနေသည့်တိုင် စိုးရိမ်ခေါ်မှုများစွာ ဆက်လက်ရင်ဆိုင်နေရကြောင်းနှင့် ရောဂါအဓိကဖြစ်ပွားရာ ကွန်ဂို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ရောဂါကာကွယ်ရေးဆိုင်ရာ အခက်အခဲများနှင့်ရင်ဆိုင်နေရကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ တာဝန်ရှိသူ ဝက်စ်ဆမ် မန်ကူလာက ပြောကြားသည်။

လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူ ၁၁၀၄၅ ဦးရှိပြီး သေဆုံးသူ ၅၄၃၇ ဦးရှိကြောင်း သိရသည်။ ယင်းသည် ရောဂါအတည်ပြုလူနာစုစုပေါင်း၏ ၄၈ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသူ ၃၀၅၈ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ



ဂါဇာဒေသရှိ နာဆာဆေးရုံကို အစွန်းရောက်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ခြောက်ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရ

ကျေရွာဆလင် နိုဝင်ဘာ ၁၄

ဂါဇာကမ်းမြောင်းဒေသ တောင်ပိုင်းရှိ နာဆာဆေးရုံကို အစွန်းရောက်စပ်ဖွဲ့က ယနေ့ နံနက်အစောပိုင်းတွင် တိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းနိုင်ငံသား အနည်းဆုံး ခြောက်ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဟားမတ်စ်အဖွဲ့၏ အကြီးတန်းစစ်သွေးကြွတစ်ဦးနှင့် အဖွဲ့၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း အစွန်းရောက်က ပြောကြားခဲ့သည်။

ခန်ယူနစ်မြို့ နာဆာဆေးရုံ၏ ခွဲစိတ်ကုသရေးဌာနကို တိုက်ခိုက်မှုအတွင်း ထိမှန်ခဲ့ပြီး အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။ သေဆုံးသူများအနက် ခွဲစိတ်ဆရာဝန်တစ်ဦးလည်း ပါဝင်ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စွပ်စွဲပြောဆို

အစွန်းရောက်စပ်မတော်နှင့် ရှင်ဘက် လုံခြုံရေးအေဂျင်စီတို့က ပူးတွဲထုတ်ပြန်ချက်တစ်ရပ်တွင် ဟားမတ်စ်အဖွဲ့သည် အဆိုပါဆေးရုံကို ကွပ်ကဲရေးစင်တာ၊ လက်နက်သိုလှောင်ရာ နေရာနှင့် စစ်ဆေးမေးမြန်းရေးဌာနအဖြစ် အသုံးပြုနေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်အသက်ဝင်ခဲ့သည့် ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရှိနေသော်လည်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့သည့် စစ်ပွဲအတွင်း အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ယခုအချိန်အထိ လူပေါင်း အနည်းဆုံး ၇၄၆၅၃ ဦး သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အင်နဲအိတ်ခဲ့ကေ

ပနားမားတူးမြောင်းကို ပနားမားနိုင်ငံကသာ ထိန်းချုပ်ထားကြောင်း ပနားမားနိုင်ငံခြားရေးဝန်ကြီး အတည်ပြုပြောကြား

ပနားမားစီးတီး နိုဝင်ဘာ ၁၄

ပနားမားတူးမြောင်းကို ပနားမားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးတွဲထိန်းချုပ်ထားသည်ဟူသော အမေရိကန်ကာကွယ်ရေးဝန်ကြီးပိတ် ဟက်ဂ်ဆက်သ်၏ ပြောကြားချက်ကို ပယ်ချပြီး တူးမြောင်းကို ပနားမားနိုင်ငံကသာ အပြည့်အဝထိန်းချုပ်ထားကြောင်း ပနားမားနိုင်ငံက ယမန်နေ့တွင် ထပ်လောင်းအတည်ပြုပြောကြားခဲ့သည်။

နိုင်ငံတကာညီလာခံတစ်ခု၏ ဆက်စပ်ဆွေးနွေးပွဲတွင် ပနားမားနိုင်ငံခြားရေးဝန်ကြီး ဟာဗီယာ မာတီနက်ဇ်အာချာက ဒေသတွင်း သတင်းမီဒီယာများအား ပြောကြားရာ၌ တူးမြောင်းကို အခြားမည်သည့် နိုင်ငံကမျှ ထိန်းချုပ်ထားခြင်းမရှိဘဲ ပနားမားနိုင်ငံကသာ ထိန်းချုပ်ထားကြောင်း ပြောကြားခဲ့သည်။

ပနားမားတူးမြောင်းအပေါ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုသည် ပနားမားနိုင်ငံတစ်နိုင်ငံတည်းတွင်သာရှိပြီး တူးမြောင်း၏ လုပ်ငန်းလည်ပတ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း အလေးပေးပြောကြားခဲ့သည်။

ပနားမားနိုင်ငံသည် အမေရိကန်၊ ဗြိတိန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ကိုလံဘီယာနှင့် စပိန်နိုင်ငံတို့အပါအဝင် နိုင်ငံအများအပြားနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း ၎င်းက ပြောကြားသည်။ သို့သော် ယင်းပူးပေါင်းဆောင်ရွက်မှုသည် တူးမြောင်းအပေါ် အချုပ်အခြာအာဏာ သို့မဟုတ် ထိန်းချုပ်ခွင့်ကို လွှဲပြောင်းပေးခြင်းမဟုတ်ကြောင်းလည်းအလေးထားပြောကြားခဲ့သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်သ်က အမေရိကန်နှင့် ပနားမားနိုင်ငံတို့သည် တူးမြောင်းကို ပူးတွဲထိန်းချုပ်ထားကြောင်း ပြောကြားသည်။

ပနားမားလွတ်တော်အမတ် ပက်စီလီကလည်း အဆိုပါ ပြောကြားချက်သည် တူးမြောင်း၏ လက်တွေ့စီမံခန့်ခွဲမှုအခြေအနေကို ထင်ဟပ်ခြင်းမရှိကြောင်း ပြောဆိုကာ ပယ်ချခဲ့သည်။

ထို့ပြင် သက်ဆိုင်ရာစာချုပ်များနှင့်အညီ နိုင်ငံအားလုံး၏ သဘော်များကို တန်းတူညီမျှ ဖြတ်သန်းသွားလာခွင့်ပြုထားသည့် ကြားနေနိုင်ငံတကာရေလမ်းကြောင်းအဖြစ် တူးမြောင်းကို ဆက်လက်စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

ပနားမားနိုင်ငံသည် အမေရိကန်နှင့် ပနားမားနိုင်ငံတို့ ၁၉၇၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ပနားမားတူးမြောင်းစာချုပ်အရ ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တူးမြောင်းအပေါ် အပြည့်အဝ ထိန်းချုပ်ခွင့်ကို လွှဲပြောင်းရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ကြေးမုံ

(၆၂)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများကွန်ဖရင့်နှင့် (၄၆)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဥက္ကဋ္ဌများအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (The South East Asian Central Banks –SEACEN Research and Training Centre) နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့မှ ကြီးမှူး၍ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပခဲ့သည့် (၆၂)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများကွန်ဖရင့်နှင့် (၄၆)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဥက္ကဋ္ဌများအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။



နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် (၆၂)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများကွန်ဖရင့်တွင် လာအိုနိုင်ငံဗဟိုဘဏ်မှ ဥက္ကဋ္ဌ Mrs. Bounkham Vorachit နှင့် SEACEN Centre မှ အမှုဆောင်ဒါရိုက်တာ Dr. Cynyoung Park တို့က အဖွင့်အမှာစကားများပြောကြားခဲ့ပြီး “ကမ္ဘာ့စီးပွားရေး မည်မျှပူများနှင့် အာရှဒေသ၏ ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ရေရှည်စီးပွားရေး တိုးတက်မှုအပေါ် သက်ရောက်မှုများ” ခေါင်းစဉ်ဖြင့် ကမ္ဘာ့ဘဏ်မှ ဒုတိယအကြီးတန်းစီးပွားရေးပညာရှင် Dr. Ayhan Kose က လည်းကောင်း။

ဆက်လက်၍ ကွန်ဖရင့်ပထမပိုင်းအနေဖြင့် “အာရှဒေသ၏ စုဆောင်းငွေများ၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်ကွာဟချက်များနှင့် လက်ရှိကမ္ဘာ့ငွေရေးကြေးရေးစီးဆင်းမှုပုံစံများမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများ” ခေါင်းစဉ်ဖြင့် ကိုဘေးတက္ကသိုလ်၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနဌာနနှင့် အာရှစီးပွားရေးတိုက်မှသုတေသနဌာန၏ ပါမောက္ခနှင့် ညွှန်ကြားရေးမှူးဖြစ်သူ Dr. Charles Horioka ကလည်းကောင်း။

ဒုတိယပိုင်းအနေဖြင့် “ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြင်ပမှ မသေချာမရေရာမှုများကြောင့် ဖြစ်ပေါ်လာသောထိခိုက်မှုများကို ရင်ဆိုင်နိုင်ရေး ဗဟိုဘဏ်များ၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် အာဆီယံ+၃ မဟာရိုစီးပွားရေး သုတေသနရုံးမှ ညွှန်ကြားရေးမှူး Mr. Yasuto Watanabe နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းမှ ဒုတိယအကြီးတန်း စီးပွားရေးပညာရှင် Mr. Ashok Bhundia တို့က လည်းကောင်း။

တတိယပိုင်းအနေဖြင့် “အဖွဲ့အစည်းဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများ၏ အခန်းကဏ္ဍနှင့် ရေရှည် ဘဏ္ဍာငွေဖြည့်ဆည်းရရှိနိုင်ရေး” ခေါင်းစဉ်ဖြင့် ချေးငွေအာမခံနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ် Ms. Noriko Nasu နှင့် စင်ကာပူအမျိုးသားတက္ကသိုလ်မှ ပါမောက္ခ စီးပွားရေးနှင့် အိမ်ခြံမြေဆိုင်ရာ ပါမောက္ခ Dr. Sumit Agarwal တို့ကလည်းကောင်း၊ ထို့ပြင် “ကမ္ဘာ့စီးပွားရေး၌ မတူကွဲပြားမှုများရှိလာသည့် အခြေအနေတွင် ကမ္ဘာ့စီးပွားရေးမည်မျှမှုများကို ကိုင်တွယ်ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်တည်ဆောက်ခြင်း”ခေါင်းစဉ်ဖြင့် ပြင်သစ်နိုင်ငံဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ Dr. Agnès Bénassy-Quéré ကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ကွန်ဖရင့်သို့ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ “အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့သော ငွေရေးကြေးရေးစနစ် ဖော်ဆောင်ရေးအတွက် ငွေရေးကြေးရေးဆန်းသစ်တီထွင်မှုနှင့် အကာအကွယ်ပေးသူ၊ ဖွံ့ဖြိုးတိုးတက်မှုကို လှုံ့ဆော်အားပေးသူအဖြစ် ဗဟိုဘဏ်များ၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် အဆင့်မြင့်စကားပိုင်းဆွေးနွေးပွဲကို ကျင်းပရာ အာရှစီးပွားရေးတက္ကသိုလ်မှ အမှုဆောင် အရာရှိချုပ် ဥက္ကဋ္ဌ ပါမောက္ခဌာနမှူး Dr. Joe Cherian၊ ဟောင်ကောင်တက္ကသိုလ်နှင့် လန်ဒန်ကွင်းမေရီ တက္ကသိုလ်မှ ပါမောက္ခ Dr. Douglas Arner နှင့် စလိုဗက်ကီးယားနိုင်ငံ ဗဟိုဘဏ်၏ သုတေသန၊ စာရင်းအင်းနှင့် စီးပွားရေးပညာဌာနမှ အမှုဆောင် ဒါရိုက်တာ Dr. Reiner Martin တို့က ငွေရေးကြေးရေး ဆန်းသစ်တီထွင်မှုနှင့် ဒီဂျစ်တယ်ငွေရေးကြေးရေး ဝန်ဆောင်မှုများသည် ငွေရေးကြေးရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိနိုင်မှုကို တိုးမြှင့်ပေးခြင်း၊ ငွေပေးချေမှုလုပ်ငန်းစဉ်များ ပိုမိုထိရောက်စေခြင်းနှင့် ပြည်သူများ ပုံမှန်ငွေရေးကြေးရေးစနစ်အတွင်း ပါဝင်နိုင်မှုကို မြှင့်တင်ခြင်းတို့တွင် အထောက်အကူပြုနိုင်ကြောင်း၊ သို့ရာတွင် ဆန်းသစ်တီထွင်မှုများနှင့်အတူ ဆိုက်ဘာလုံခြုံရေး၊ စားသုံးသူအကာအကွယ်ပေးရေး၊ လုပ်ငန်းလည်ပတ်မှု ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ပေါ်ပေါက်လာနိုင်သည့် ငွေရေးကြေးရေးဆိုင်ရာ အန္တရာယ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် သင့်လျော်သော အကာအကွယ်အစီအမံများလည်း လိုအပ်ကြောင်း၊ ဗဟိုဘဏ်များအနေဖြင့် ငွေရေးကြေးရေးတည်ငြိမ်မှုကို ကာကွယ်ထိန်းသိမ်းသူများအဖြစ်သာမက တာဝန်ယူမှုရှိသော ဆန်းသစ်တီထွင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်သူများအဖြစ် အခန်းကဏ္ဍာန်ရပ်ကို မျှတစွာထမ်းဆောင်ရန် လိုအပ်ကြောင်း၊ ယင်းမှတစ်ဆင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် လုံခြုံစိတ်ချရမှု၊ အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်တည်တံ့မှုတို့နှင့်အညီ ဖြစ်ပေါ်လာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း စသည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ရာ ကွန်ဖရင့်သို့တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပသည့် (၄၆)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဥက္ကဋ္ဌများအစည်းအဝေးတွင် SEACEN အမှုဆောင် ဒါရိုက်တာ Dr. Cynyoung Park က အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် နည်းဗျူဟာအစီအစဉ်နှင့် အညီ အကောင်အထည်ဖော်မှုအခြေအနေများ၊ ၂၀၂၆ ခုနှစ်အတွက် အဆိုပြုဘတ်ဂျက်လျာထားမှု၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ပို့ချပေးသည့် သင်တန်းများနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၇ ခုနှစ်တွင်ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းများအပေါ် ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြလမ်းညွှန်မှုခံယူခဲ့ရာ အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့၏ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး အတည်ပြုချက်ရယူသည့် ကိစ္စရပ်များအပေါ် အတည်ပြုပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

ဇီးကုန်းမြို့နယ်၌ ကျွန်ုပ်တို့စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာ လှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်

ဇီးကုန်း နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် “ကျွန်ုပ်တို့စာကြည့်တိုက် ကျွန်ုပ်တို့ကမ္ဘာ” (My library၊ My World Campaign) လှုပ်ရှားမှုအစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ကလေးတိုင်းစာဖတ်သူဖြစ်ရမည် အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။



ကလေးတိုင်း စာဖတ်သူဖြစ်ရမည် (Every Child a reader) အစီအစဉ်အနေဖြင့် နှစ်သက်ရာစာအုပ်များအား ရွေးချယ်ဖတ်ရှုစေပြီး ဇာတ်လမ်းပါအကြောင်းအရာများကို ပြန်လည်ပြောပြခြင်း၊ ဇာတ်ကောင်အကြောင်း ပြောပြခြင်း၊ ပန်းချီရေးချယ်စေခြင်း၊ ရုပ်ပုံပုံများနှင့် ပုံပြင်ပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဇီးကုန်းမြို့နယ် စာကြည့်တိုက်တွင် လူငယ်များ၏ဘဝ တိုးတက်ရေးအတွက် အသိပညာပေး အစီအစဉ်၊ သတင်းမှန် သတင်းမှား စစ်ဆေးနည်းများ၊ ဟောပြောပွဲများ၊ လူငယ်စကားပိုင်းဆွေးနွေးပွဲများ၊ မိသားစုစာဖတ်ခြင်းအစီအစဉ်များ၊ သင်တန်းများ၊ ပြိုင်ပွဲများနှင့် My library My World Campaign အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပြီး စာဖတ်အားအကောင်းဆုံးဆု၊ စာငှားအများဆုံးဆု များကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာရောင်းချပေး

ပုသိမ် နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အခြေခံစားသောက်ကုန်များအား ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်းကို နိုဝင်ဘာ ၁၁ ရက်က အမှတ်(၄)ရပ်ကွက် ရွှေစေတီလမ်းထောင့်၌ ဆောင်ရွက်သည်။

အဆိုပါရောင်းချပေးမှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပုသိမ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ပြည်သူများ နေ့စဉ်လိုအပ်လျက်ရှိသော စားအုန်းဆီနှင့် ကြက်ဥတို့ကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများ အဆင်ပြေစွာ ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)



အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

သန်လျင် နိုဝင်ဘာ ၁၄

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီးသန်လျင်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော AURUM LOGISTICS Co.,Ltd. ၏ အာမခံအလုပ်သမား ဦးထွန်းဝွန်းအောင် (ယာဉ်နောက်လိုက်အကူ)၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ တာဝန်ခံဒုတိယညွှန်ကြားရေးမှူးက ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၉၀၀၀၀၀၀ ကို ကျန်ရစ်သူမိသားစုများထံ တာဝန်ရှိသူများ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်ဖြိုး

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းခွဲ(စစ်တွေ) ရခိုင်ပြည်နယ် အင်ဂျင်နီယာအသင်းက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြ



စစ်တွေ နိုဝင်ဘာ ၁၄

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ(စစ်တွေ) ရခိုင်ပြည်နယ် အင်ဂျင်နီယာအသင်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူတိုက်ရိုက်အကျိုးရှိစေမည့် လမ်းတံတားများ၊ အဆောက်အအုံများကို အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေးအတွက် ဒေသတွင်းမှရရှိသော ကျောက်နှင့်သဲများကို အရည်အသွေးစစ်ဆေး၍ အသုံးပြုခွင့် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ဒေသခံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဦးစားပေးကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လမ်းတံတားများ၊ အဆောက်အအုံများ အရည်အသွေး ပြည့်မီစေရေး ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာများ အနေဖြင့်ကျင့်ဝတ်သိက္ခာထိန်းသိမ်းမှု၊ ပညာရပ်ပိုင်းဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ(စစ်တွေ) ရခိုင်ပြည်နယ်အသင်း ဥက္ကဋ္ဌက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းခွဲ(စစ်တွေ) ရခိုင်ပြည်နယ်အသင်း လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

မွေးစမှ နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်များရရှိရန် ဆောင်ရွက်ပေးကြရမည်

နေပြည်တော် နိုဝင်ဘာ ၁၄



ကလေး သူငယ်များသည် အနာဂတ်နိုင်ငံတော်၏ အဖိုးတန် ရတနာများ ဖြစ်သောကြောင့် စနစ်တကျ ပြုစုစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ မွေးစမှ နှစ်အလိုက် ဖွံ့ဖြိုးတိုးတက်မှု မှတ်တိုင်များ ရရှိရန် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ကလေးများ၏ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ကလေးတစ်ဦးချင်း case file များ ဖွင့်လှစ်ပြီး စနစ်တကျပြုစုစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ကလေးပြုစုရေးစင်တာသို့ သွားရောက်ကြည့်ရှုစဉ် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေး ဌာနတွင် ခိုင်နှင်းဝေ ရင်သွေးလေးများ ပရဟိတဂေဟာ တည်ထောင်သူ ဒေါ်ခိုင်နှင်းဝေနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လာရောက် စစ်ဆေးခဲ့မှုအပေါ် ဆောင်ရွက်ထားရှိမှုများကို ပြန်လည်တင်ပြထားသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဂေဟာ/ သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရှိရမည့် ပြုစုစောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်း ဆိုင်ရာ စံချိန်စံညွှန်းများကို ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် လိုက်နာဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သက်ကြီးရွယ်အို အခွင့်အရေးများ ဆိုင်ရာဥပဒေကိုလည်း ပြဋ္ဌာန်းပြီးဖြစ်သဖြင့် သက်ကြီးစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း တည်ထောင်ခွင့်ပြုမိန့် လျှောက်ထား ဆောင်ရွက်ရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးကလေးများသင်တန်းကျောင်း(ရန်ကုန်)ကို သွားရောက်၍ ကျောင်းအားလုပ်ချိန်ကြည့်ရှုပြီး ဆယ်ကျော်သက်အရွယ်ကလေးများဖြစ်သောကြောင့် ဆယ်ကျော်သက်အရွယ်စိတ်ပညာနှင့် အပျိုဖော်ဝင်ချိန် ကျန်းမာရေးအသိပညာများ ကောင်းစွာသိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ကလေးသူငယ်များကို ပညာရေး သင်ကြားပေးမှုအပြင် သက်မွေးပညာများကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ် အလိုက် ပေါင်းသင်းဆက်ဆံရေးနှင့် လူ့အသိုင်းအဝိုင်းအတွင်း ကောင်းစွာ ဝင်ဆံ့နိုင်ရေးအတွက် သင်ကြားလေ့ကျင့်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ဝါသနာပါရာနှင့် ကျွမ်းကျင်ရာ ဘာသာရပ်များ သင်ကြားပေးနိုင်ရေး၊ အားကစားကိုလည်း တစ်ဦးချင်းကျွမ်းကျင်သည်အထိ လေ့ကျင့်ပေးကြရန်လိုကြောင်း၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နိုင်ရေး ပြုစုပျိုးထောင် လေ့ကျင့်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ အမှုဆောင်ဒါရိုက်တာအဖွဲ့ ပြန်လည်ရွေးချယ်

ပျဉ်းမနား နိုဝင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်အညီ မြို့နယ်သမဝါယမအသင်းစု(လီမိတက်)၏ အမှုဆောင်ဒါရိုက်တာအဖွဲ့ ပြန်လည်ရွေးချယ်ပွဲ အခမ်းအနားကို ပျဉ်းမနားမြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည်။

ဦးစွာ ပျဉ်းမနားမြို့နယ်သမဝါယမအသင်းစု(လီမိတက်) ဥက္ကဋ္ဌက အမှာစကားပြောကြားကာ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အသင်း၏ ဘဏ္ဍာရေးအစီရင်ခံစာများကို အမှုဆောင်အဖွဲ့ဝင်များက ဖတ်ကြားတင်သွင်းပြီး အတည်ပြုချက်ရယူ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့အသစ် ပြန်လည်ရွေးချယ်တင်မြှောက်ပွဲတွင် တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူးက သဘာပတိအဖြစ်ဆောင်ရွက်ကာ အသင်းဝင်ကိုယ်စားလှယ်များ၏ အဆိုပြုတင်ပြချက်များနှင့်အညီ အမှုဆောင်ဒါရိုက်တာအဖွဲ့ ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ထန်းတပင်မြို့နယ်၌ ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား တာဝန်ရှိသူများက နိုဝင်ဘာ ၁၁ ရက်က လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (တည်ဆောက်ရေး)ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ ဦးဇော်မိုးဦးနှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ထန်းတပင်မြို့နယ် အတွင်းရှိ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)





သာကေတမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းပီးမြောက်ပီးသူများအား တွေ့ဆုံပွဲပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည် ရောက်ရှိလာသူများအား တွေ့ဆုံပွဲနှင့် ချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဖွဲ့ဝင်များက လိုအပ်သည်များကို ဆွေးနွေးပြောကြားကာ မြို့နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများက မိသားစုစားဝတ်နေရေးအတွက် မိမိတို့လုပ်ကိုင်ဆောင်ရွက်လိုသည့်အလုပ်အကိုင်များအား ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူ ၂၂ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

ထားဝယ်မြို့ ရွှေဝယ်သီရီ အားကစားကွင်းအတွင်း အထူးပွဲကြည့်ဆောင်နှင့် အရှေ့ဘက်တန်းပွဲကြည့်ဆောင်များ တည်ဆောက်ပေးသွားမည်

ထားဝယ် နိုဝင်ဘာ ၁၄

ထားဝယ်မြို့ ရွှေဝယ်သီရီ အားကစားကွင်းအတွင်း အထူးပွဲကြည့်ဆောင် ပေ ၁၂၀ x ၃၅ ပေနှင့် အရှေ့ဘက်တန်းပွဲကြည့်ဆောင် ၃၉၂ ပေ x ၄၃ပေ တို့ကို ပွဲကြည့်ပရိသတ်များအတွက် တည်ဆောက်ပေးသွားမည်ဖြစ်သည်။



အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဇော်နိုင်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးနိုင်ရေး၊ ပွဲကြည့်ပရိသတ်များ ဘေးကင်းလုံခြုံစွာဝင်ထွက်သွားလာနိုင်ရေး၊ ထိုင်ခုံနေရာများအဆင်ပြေစွာ ထားရှိရေး၊ ရေရှည်အသုံးပြုနိုင်ရေးတို့ကို စီမံချက်များရေးဆွဲ၍ လုပ်ငန်းများကိုအလေးအနက်ထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဆန်းချီရပ်ကွက် ဆန်းချီချောင်းကူးတံတား (၂၆ ပေ x ပေ ၇၀ x ပေ၂၀) တည်ဆောက်နေမှု အခြေအနေနှင့် ဒေါင်းငူရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ ပြည်သူများ အပန်းဖြေနေရာဖြစ်သည့် Dawei River Views နေရာ ကြက်စားပြင်ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ ဟင်းသီးဟင်းရွက်နှင့် သားငါးဈေးအသစ်ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဈေးလာပြည်သူများ၊ ဈေးရောင်းချသူများ အဆင်ပြေချောမွေ့စွာ ရောင်းဝယ်နိုင်မည့် အခြေအနေများ ဖန်တီးပေးရန်လိုအပ်ကြောင်း၊ ထားဝယ်မြစ်မှ လှေများဆိုက်ကပ်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် တံတား တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း၊ ယာဉ်များရပ်နားရေး နေရာချထားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ဘုမ္မော်ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းရှေ့မှ ဘုမ္မော်ချောင်းအတွင်းသို့ စီးဝင်သည့်ရေမြောင်းအား ကျောက်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ အိုးလုပ်ရပ်ကွက်၊ ဥတ္တံတားကြီးရေမြောင်း၊ ပိန္နဲတောနှင့် ဗျောတောဝရပ်ကွက်အကြား ဆက်သွယ်ထားသည့် ဖိုးဒေဝချောင်း၊ ရေမြောင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ထိန်သစ်ရပ်ကွက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဥစားကြက်အကောင်ရေ ၃၀၀၀ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်မည့် Work Plan နှင့် ဥစားကြက်မွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တန့်ယန်းမြို့နယ်၌ ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးချည်ကောင်မွေးမြူရေးလုပ်ငန်း ကွင်းဆင်းကြည့်ရှု

တန့်ယန်း နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် မိုင်းကျိုင်ကျေးရွာအုပ်စု ကွန်နင်ရွာအနီးရှိ အောင်မြင်ဖြစ်ထွန်းနေသော ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးချည်ကောင်မွေးမြူရေးလုပ်ငန်းအား ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိဌာနဆိုင်ရာများက နိုဝင်ဘာ ၁၃ ရက်တွင် ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ မိုင်းကျိုင်ကျေးရွာအုပ်စု ကွန်နင်ကျေးရွာရှိ တောင်သူ ဦးစိုင်းကျော်နီ၏ ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးချည်ကောင်မွေးမြူရေးလုပ်ငန်းတို့အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက ပိုးစာပင်စိုက်ပျိုးထားမှု၊ ပိုးချည်ကောင်များ မွေးမြူထားမှုများအား ကြည့်ရှု၍ သိရှိလိုသည်များ မေးမြန်းရာ တောင်သူ ဦးစိုင်းကျော်နီက ရှင်းလင်းတင်ပြသည်။

တောင်သူ ဦးစိုင်းကျော်နီ၏ ဧက ၆၀ ရှိ ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးမွေးမြူရေးလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ခုနှစ်မှ စတင်စိုက်ပျိုးလုပ်ကိုင်ခဲ့ရာ ယခုအခါ စိုက်ဧက ၃၂၀ ခန့် ရှိလာရာ တွက်ခြေကိုက်သည့်အတွက် တိုးချဲ့စိုက်ပျိုးသင့်သောလုပ်ငန်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ မင်းလွင်ဦး(တန့်ယန်း)



ဥစားကြက် တိုးမြှင့်မွေးမြူရေး ကွင်းဆင်းကြည့်ရှု

မြောင်းမြ နိုဝင်ဘာ ၁၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး တိုင်းဦးစီးမှူးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြောင်းမြမြို့ မြကန်သာရပ်ကွက်ရှိ ရွှေပြည်မြင့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသို့ ရောက်ရှိပြီး ဥစားကြက်မွေးမြူသည့် အသင်းသားများနှင့် တွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် အသင်းအမှုဆောင်အဖွဲ့များအား စိုက်ပျိုးရေးနှင့်အတူ ဥစားကြက် တိုးမြှင့်မွေးမြူရန်နှင့် ဒေသခံပြည်သူများ စားသုံးမှုဖူလုံမှုရှိစေရေးနှင့် တိုးမြှင့်ထုတ်လုပ်နိုင်ရေး အသင်းသားများစုပေါင်း၍ သမဝါယမစနစ်ကိုအခြေခံသည့် တစ်အုပ်တစ်မမွေးမြူရေးဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ အသင်းသား ငါးဦးမှ မွေးမြူထားသည့် ဥစားကြက်ကောင်ရေ ၂၀၀၀ မှ ထွက်ရှိသောကြက်ဥများကို ဒေသတွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် ကြက်ခြံအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကော့မှူးမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

ကော့မှူး နိုဝင်ဘာ ၁၄

တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ထန်းမနိုင်)၌ ကျင်းပသည်။

ဟောပြောပွဲတွင် တွံတေးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်တို့က ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးသက်ပိုင်ဇော်က ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားအခွင့်အရေးများ၊ ဥပဒေပြဋ္ဌာန်းချက်များကို ဟောပြောခဲ့ကြောင်းသိရသည်။

ကျော်သူရ(ကော့မှူး)



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၁-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	ဖုံးရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမိုး
92 Ron	၄၂၇၀	၄၄၂၅	၄၃၇၅	၄၂၈၅	၄၄၃၀	၄၄၄၅	၄၄၈၀	၄၃၅၅	၄၇၂၅	၄၇၅၅	၄၃၇၅	၄၅၁၅	၄၄၇၀	၄၄၂၅	၄၄၃၅	၄၆၆၅
95 Ron	၄၃၁၅	၄၄၇၀	၄၄၂၀	၄၃၃၀	၄၄၇၀	၄၄၈၅	၄၅၂၀	၄၄၀၀	၄၇၆၅	၄၇၉၅	၄၄၂၀	၄၅၄၅	၄၅၁၀	၄၄၇၀	၄၄၈၀	၄၇၁၀
HSD (500 ppm)	၄၃၈၀	၄၅၃၀	၄၄၈၅	၄၃၉၅	၄၅၃၅	၄၅၄၅	၄၅၈၀	၄၄၆၅		၄၈၄၅	၄၄၈၅	၅၀၆၅	၄၅၇၀	၄၅၃၀	၄၅၄၀	၄၇၆၀
HSD (50 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀	၅၇၇၀	၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀
HSD (10 ppm)	၅၃၁၅	၅၄၇၀	၅၄၂၀	၅၃၃၀	၅၄၇၅	၅၄၉၀	၅၅၂၀	၅၄၀၀		၅၈၀၀	၅၄၂၀	၅၅၉၅	၅၅၁၀	၅၄၇၀	၅၄၈၀	၅၇၁၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၀၅၆	၄၁၇၀
95 Ron	၄၀၉၆	၄၂၁၂
HSD (500 ppm)	၄၁၇၆	၄၂၉၀
HSD (50 ppm)	၅၀၆၆	၅၁၉၇
HSD (10 ppm)	၅၀၆၆	၅၁၉၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နည်းပညာတက္ကသိုလ်(မော်လမြိုင်)၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မော်လမြိုင် နိုဝင်ဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နည်းပညာ တက္ကသိုလ် (မော်လမြိုင်)၌ ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက် တက္ကသိုလ်ဝင်းအတွင်းရှိ စာသင်ဆောင်များ ပတ်ဝန်းကျင်၊ လက်တွေ့ခန်းများနှင့် ကျောင်းသားကျောင်းသူများ အပန်းဖြေနေရာများတွင် ပေါက်ရောက်နေသည့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်းနှင့် အမှိုက်သရိုက်များ စနစ်တကျ စုဆောင်းသိမ်းဆည်း ဖယ်ရှားခြင်းတို့ကို ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များက တက္ကသိုလ် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ပိုင်းဝန်း ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံအားပေး

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀) (၁၀/၂၀၂၆)သို့ တက်ရောက်ရန် မုဒုံမြို့နယ်မြေခံသင်တန်းကျောင်းတွင် ရောက်ရှိနေသော မွန်ပြည်နယ် အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သွားရောက်တွေ့ဆုံအားပေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှ သင်ကြားပေးသော စစ်ပညာရပ်များကို ကြိုးစားသင်ယူပြီး စိတ်ဓာတ်စွမ်းရည်၊ စည်းကမ်းစွမ်းရည်၊ လေ့ကျင့်ရေးစွမ်းရည် ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် အားထုတ်ဆောင်ရွက်ပေးကြရန်၊ ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူတို့နှင့် အတူ တကွပူးပေါင်း၍ နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်သွားကြရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တူညီဝတ်စုံများ ပေးအပ်ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် မော်လမြိုင်အချုပ်ထောင်သို့ သွားရောက်စစ်ဆေး

မော်လမြိုင် နိုဝင်ဘာ ၁၄

မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ငွေးမြင့်အေးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မော်လမြိုင်အချုပ်ထောင်သို့ သွားရောက်၍ အချုပ်သားများ၏ နေထိုင်စားသောက်မှုနှင့် အမှုရင်ဆိုင်နေရမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အချုပ်ထောင်တာဝန်ခံအရာရှိက အချုပ်ထောင်အတွင်း အချုပ်သား၊ အချုပ်သူများ ထိန်းသိမ်းထားရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရုံးထုတ်စစ်ဆေးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အချုပ်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အချုပ်သား အချုပ်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများအားတွေ့ဆုံကာ အမှုစစ်ဆေးကြန့်ကြာမှု ရှိ၊ မရှိ၊ ဥပဒေပါအခွင့်အရေးများ ရရှိမှု ရှိ၊ မရှိနှင့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ရှိ၊ မရှိတို့ကို မေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မကွေးဆေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မကွေး နိုဝင်ဘာ ၁၄



မကွေး ဆေးတက္ကသိုလ်ဝင်းအတွင်း ဌာနဆိုင်ရာများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ သွားရောက်ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးတက္ကသိုလ် (မကွေး) Recreation Center အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အချိန်မီပြီးစီးရေး၊ ရေရှည်ခိုင်ခံ့ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး မှာကြားသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ ကာယဗလမောင်နှင့် ကာယကြံခိုင်မှု မယ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် တိုင်းဒေသကြီး အတွင်းရှိ ခရိုင်များမှ ကာယဗလမောင် ၆၆ ဦး၊ ကာယကြံခိုင်မှုမယ်ပြိုင်ပွဲတွင် ကာယမယ် ၃၂ ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၉၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မောင်ခိုင်မင်း(ပြန်/ဆက်)**

လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့်ထုတ်ပေး

ပုသိမ် နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လုပ်ငန်းခွင်ပြင်ပထိခိုက်ဒဏ်ရာရ၍ အမြဲတမ်းမသန်စွမ်းမှုကြောင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း ပုသိမ်သစ်ထုတ်လုပ်ရေးဒေသရုံး၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး အာမခံအလုပ်သမား ဦးအောင်တင်ညွှန့်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ခုနစ်နှစ်စာအတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းငွေကျပ် ၆၈၇၉၆၀၀ ကို ဦးအောင်တင်ညွှန့်ထံသို့ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



လင်းခေးမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ



လင်းခေး(ဝမ်ဟတ်) နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဝမ်ဟတ်နယ်မြေ၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ဝမ်ဟတ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် လင်းခေးမြို့နယ်ရဲတပ်ဖွဲ့၊ ဝမ်ဟတ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းမောင်က မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် လူသားအရင်းအမြစ်ဆုံးရှုံးရခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့်ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများအကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

✻ ONE မှ

ထိုးသတ်ရန်စီစဉ်ပြီးမှ ပျက်ပြယ်ခဲ့ခြင်းဖြစ်သည်။ ပွဲထိုးသတ်ခါနီးမှ ပြိုင်ဘက်ပြောင်းလဲသဖြင့် ကျော်စွာဝင်း၏ နည်းဗျူဟာနှင့် ပွဲကြို ပြင်ဆင်မှုများ အခက်တွေ့ခဲ့ရသည်။ နှစ်ဦးစလုံး အပြန်အလှန်ထိုးသတ်မှုများဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း ကျော်စွာဝင်းက ဒုတိယအချီနှင့် တတိယအချီတွင် အသာရအောင် ထိုးသတ်နိုင်သဖြင့် အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကျော်စွာဝင်းသည် ONE နှင့် ငါးပွဲထိုးသတ်ရာတွင် သုံးပွဲနိုင်၊ နှစ်ပွဲရှုံးနိမ့်ထားပြီး ပွဲအားလုံး ယခုနှစ်အတွင်း ထိုးသတ်ထားခြင်းဖြစ်သည်။

မြလုံးချောသည် ထိုင်းဖိုက်တာ ဆစ်ဝပ်ချာရာဆိုင်းနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီ ၁ မိနစ် ၄ စက္ကန့်တွင် အလဲထိုးခံရပြီး ရှုံးနိမ့်ခဲ့သည်။

သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – onefc

အဖိုးတန်ရေချို၊
တန်ဖိုးထားထိန်းသိမ်းကြစေလို

ဆရာ ဆရာမများကိုယ်တိုင် ကာယပညာနှင့် အားကစားဆိုင်ရာ သီအိုရီ၊ လက်တွေ့ကျွမ်းကျင်မှုနှင့် သင်ကြားနည်းစနစ်သစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၄

အခြေခံပညာ ကျောင်းများတွင် ကာယပညာနှင့် အားကစားပညာကို ထိရောက်စွာ သင်ကြားပို့ချနိုင်ရန်အတွက် ဆရာ ဆရာမများကိုယ်တိုင် ကာယပညာနှင့် အားကစားဆိုင်ရာ သီအိုရီ၊ လက်တွေ့ ကျွမ်းကျင်မှုနှင့် သင်ကြားနည်း စနစ်သစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ထားရန်လိုကြောင်း ယနေ့နံနက် ပိုင်းက တောင်ငူပညာရေး ဒီဂရီကောလိပ်၌ ကျင်းပသည့် ကာယပညာနှင့် အားကစားဒီပလိုမာသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပြောကြားသည်။



ထို့ပြင် ဒုတိယဝန်ကြီးက ကာယနှင့် အားကစားပညာရပ်ဆိုင်ရာ အသိပညာ၊ လက်တွေ့ ကျွမ်းကျင်မှု သင်ကြားနည်း စွမ်းရည်၊ စိမ်ခန့်ခွဲနိုင်စွမ်းတို့ကို တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆရာ ဆရာမများ၏ ကာယပညာနှင့် အားကစားဆိုင်ရာ အသိပညာကျွမ်းကျင်မှုကို သင်ကြားပို့ချနိုင်စွမ်းဖြင့်တင်ရန်နှင့် အခြေခံပညာမှ ကျောင်းသား ကျောင်းသူများအား ကာယနှင့် အားကစားနည်းများ သင်ကြားပေးမည့် အလယ်တန်းပြနှင့် အထက်တန်းပြ ဆရာ ဆရာမများအတွက် ယခု သင်တန်းကို ဖွင့်လှစ်လေ့ကျင့် သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ ကျောင်းများသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် ကျောင်းသား ကျောင်းသူများကို ထိရောက်စွာ လက်ဆင့်ကမ်း သင်ကြားပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ် ၂၉ ရက်အထိ ခြောက်လကြာ ဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့မှ သင်တန်းသား ၂၀၀ တက်ရောက်လျက်ရှိကာ ပညာရေး ဒီဂရီကောလိပ်များနှင့် အခြေခံပညာ ဦးစီးဌာနတို့မှ အဇ္ဈိမ်းစားပညာရှင် ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများက သင်ကြားပို့ချလျက်ရှိပြီး စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ပြေးခုန်ပစ်နှင့် ဘောလုံးစသည့် အားကစားနည်း ခုနစ်နည်းကိုလည်း စာတွေ့၊ လက်တွေ့ သင်ယူကြရမည်ဖြစ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်၍ လက်တွေ့သင်ကြားသင်ယူနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းပရဝဏ်အတွင်းရှိ စာသင်ဆောင်များ ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာမှုရှိစေရေးနှင့် ဘောလုံးကွင်းတို့ကို လုပ်ည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မုံရွာခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကလေးတိုင်းစာဖတ်သူဖြစ်စေရမည် လှုပ်ရှားမှုကျင်းပ

မုံရွာ နိုဝင်ဘာ ၁၄

ကလေးငယ်များ ငယ်စဉ်ကတည်းက စာဖတ်ခြင်းကို ချစ်မြတ်နိုးသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် စိတ်ကူးစိတ်သန်း၊ ဖန်တီးနိုင်စွမ်းများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ “My Library, My World Campaign” “ကလေးတိုင်းစာဖတ်သူဖြစ်စေရမည်” လှုပ်ရှားမှုကို နိုဝင်ဘာ ၁၃ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါအစီအစဉ်တွင် အမှတ်(၁၉) အခြေခံပညာမူလတန်းလွန် ကျောင်း(အောင်ချမ်းသာ)မှ ကျောင်းသား ကျောင်းသူများ ပါဝင်၍ စာအုပ်စာပေများကို ဖတ်ရှုခဲ့ကြပြီး စာဖတ်ခြင်းအပြင် ကလေးငယ်များ၏ စကားပြောစွမ်းရည်၊ ကိုယ်ပိုင်ယုံကြည်မှုနှင့် အနုပညာဖန်တီးနိုင်စွမ်းများ တိုးတက်လာစေရန် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကိုလည်း ကျင်းပပေးခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မောင်အေးချမ်း(ပြန်/ဆက်)



စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပညာရေးမှူးရုံးတို့မူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်အကြို ပန်းချီ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြင်ပြောနှင့် ကျွမ်းစကားပြောပြိုင်ပွဲတို့ကို နိုဝင်ဘာ ၁၃ ရက်က တောင်ငူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကျင်းပရာတွင် တောင်ငူခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)





အင်းစိန်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တည်ဆဲအခွန်ဥပဒေများနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် အခွန်ဦးစီးဌာနမှူးက လုပ်ငန်းရှင်များအား အခွန်ကဏ္ဍာတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

ရေးမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရေး နိုဝင်ဘာ ၁၄

မွန်ပြည်နယ် ရေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်က အထက(၂) ရေးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အထက(၂) ကျောင်းအုပ်ကြီးက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဇာဖြူဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပေးကာ ကျောင်းသားကျောင်းသူ သုံးဦးက လူငယ်နှင့်အနာဂတ်ရှေ့ခရီး၊ လူငယ်နှင့် ဆယ်ကျော်သက်အရွယ် ကျန်းမာရေးနှင့် လူငယ်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ဖို့ ပိုင်းဝန်းကြီးပမ်းဆောင်ရွက်စို့ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးပေးပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်မျိုးထက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစိုးမိုးအောင်တို့က ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ



မိတ္ထီလာမြို့နယ်၌ နိုဝင်ဘာ ၁၃ ရက်တွင် မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ရန်ကုန်-မန္တလေးလမ်းမကြီးရှိ စက်သုံးဆီဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



စာအုပ်စာပေ လူ့မိတ်ဆွေ

ကိုယ်ကစပြီး ပြောင်းလဲစို့

မောင်ညောင်ခြုံ

> **နေ့စဉ်နေ့တိုင်း ပညာရပ်အသစ်တစ်ခုခု သင်ယူပါ။ Life Long Learning လုပ်ပါ၊ စာဖတ်ပါ၊ တွေးခေါ်ဆင်ခြင်ပါ၊ ကျွမ်းကျင်မှုအသစ်တွေရရှိအောင် လေ့လာလေ့ကျင့်ပါ။ နေ့တိုင်း နည်းနည်းလေးပဲ တိုးတက်ရင်တောင် အချိန်အတိုင်းအတာတစ်ခုရောက်တဲ့အခါ ကိုယ်ကိုယ်တိုင်တောင် အံ့ဩလောက်အောင် တိုးတက်နေပါလိမ့်မယ်**

အမေရိကန်သမ္မတဟောင်းဘားရက်အိုဘားမား (Barack Obama)က Change (ပြောင်းလဲကြစို့) ဆိုတဲ့ စကားလုံးနဲ့ ရွေးကောက်ပွဲမှာ မဲဆွယ်ပြီး အမေရိကန်သမ္မတရွေးကောက်ပွဲမှာ အနိုင်ရဖူးတယ်လို့ မှတ်သားထားဖူးပါတယ်။ ဒီလိုပဲ တွေးခေါ်ပညာရှင်ကြီးတစ်ယောက်က ကမ္ဘာကြီးကို ပြောင်းလဲပစ်မယ်လို့ကြွေးကြော်ပြီး ကြိုးစားလိုက်တာ တကယ်တမ်းကျ မပြောင်းလဲလို့ ကိုယ့်နိုင်ငံ၊ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်မိသားစုကို ပြောင်းလဲမယ်လို့ တစ်ဆင့်ချင်းလျှော့ချပြီး ထပ်မံကြိုးစားခဲ့ပေမယ့်လည်း ဘာမျှထူးခြားမလာလို့ နောက်ဆုံးကိုယ်ကပဲ စတင်ပြောင်းရမယ်ဆိုတာ နားလည်သွားကာ ကိုယ့်လိုအပ်ချက်တွေကို ကိုယ်ကစပြောင်းလဲမှ အစစအရာရာ အဆင်ပြေသွားပါသတဲ့။

ကိုယ်ကစပြောင်းမှသာ တခြားလူတွေလည်း လိုက်ပြောင်းလဲလို့ရမယ်ဆိုတာ လူတိုင်းသဘောပေါက်ဖို့လိုပါတယ်။ ကိစ္စရပ်တစ်ခုခုနဲ့ ပတ်သက်ပြီး ပြောင်းလဲရမယ့်အချိန်ဆိုတာ မကြာခဏရောက်လာတတ်ပြီး အဲဒီအချိန်မှာ တခြားလူတွေကို ပြောင်းလဲဖို့ အရင်ကြိုးစားရမှာမဟုတ်ဘဲ ကိုယ်ကစပြီး ပြောင်းလဲရမှာပါ။

(က) လေပေါစကားပြောနေတာထက် လုပ်ဆောင်ချက်များများလုပ်ဆောင်နိုင်အောင် ကြိုးစားပါ၊ ကိုယ့်ကိုယ်ကိုယ်မညာပါနဲ့၊ မညှာပါနဲ့၊ ရလဒ်နဲ့သက်သေပြပါ၊ လုပ်လဲလုပ်၊ ရလဒ်လဲထွက်ပါစေ။

(ခ) အချိန်ဖြုန်းတာတွေ ရပ်တန့်ပါ။ ဖြုန်းတာနဲ့ အကျိုးရှိရှိ အသုံးချတတ်တာကို ခွဲခြားတတ်ပါစေ။ ဘယ်တော့မှ ပြန်မရနိုင်တာကအချိန်ပါ။ မလိုအပ်ဘဲ စားသောက်ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ အချိန်ဖြုန်းတာ၊ ဆိုရှယ်မီဒီယာပေါ်မှာ အချိန်ပြည့်ရောက်နေတာ၊ မိမိနဲ့မိမိ မိသားစုကို ပင်ပန်းစေတဲ့ အနှောင့်အယှက်ဖြစ်စေနိုင်တဲ့ လူမှုဆက်ဆံရေးတွေကို အကန့်အသတ်ထားရပါမယ်။

(ဂ) နေ့စဉ်နေ့တိုင်း ပညာရပ်အသစ်တစ်ခုခု သင်ယူပါ။ Life Long Learning လုပ်ပါ၊ စာဖတ်ပါ၊ တွေးခေါ်ဆင်ခြင်ပါ၊ ကျွမ်းကျင်မှုအသစ်တွေရရှိအောင် လေ့လာလေ့ကျင့်ပါ။ နေ့တိုင်း နည်းနည်းလေးပဲ တိုးတက်ရင်တောင် အချိန်အတိုင်းအတာတစ်ခုရောက်တဲ့အခါ ကိုယ်ကိုယ်တိုင်တောင် အံ့ဩလောက်အောင် တိုးတက်နေပါလိမ့်မယ်။ ရသစာပေက ကိုယ့်နှလုံးသားကိုနူးညံ့စေပြီး လူသားပိုပီသလာစေပါလိမ့်မယ်။ သုတစာပေက အကြားအမြင်ပိုကောင်းစေပါမယ်။

(ဃ) ကိုယ့်ကျန်းမာရေးကို ကိုယ်တိုင်ဂရုစိုက်ပါ၊ အာဟာရမျှတပြည့်စုံအောင်စားပါ။ လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။ အိပ်ရေးဝအောင်အိပ်ပါ။ အန္တရာယ်ဖြစ်စေတဲ့အရာများ အသုံးပြုခြင်း (ဆေးလိပ်၊ ကွမ်း၊ အရက်၊ မူးယစ်ဆေးစသည်)တို့ကို ရှောင်ကြဉ်ပါ။ ကိုယ်ခန္ဓာကျန်းမာလာတာနဲ့အမျှ စိတ်ဓာတ်နဲ့ ယုံကြည်မှုလည်း တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာပြီး ကိုယ့်ရဲ့လုပ်ဆောင်နိုင်စွမ်းတွေ သိသိသာသာ တိုးတက်လာပါလိမ့်မယ်။

(င) အပျက်သဘောဆောင်နေတဲ့ ကိုယ့်စိတ်ကို ပြန်လေ့ကျင့်ပါ။ "ငါမလုပ်တတ်ဘူး" ဆိုတာထက် "ငါမလုပ်တတ်သေးလို့ လုပ်တတ်အောင်ကြိုးစားရမယ်"လို့ ပြောင်းစဉ်းစားပါ။ တွေးပါ။ အတွေးပြောင်းရင် လုပ်ဆောင်ချက်ပြောင်းတယ်။ လုပ်ဆောင်ချက်ပြောင်းရင် ဘဝလည်း ပြောင်းလဲလာပါလိမ့်မယ်။

(စ) မနေ့က ကိုယ်ထက်၊ ဒီနေ့ကိုယ်က ပိုကောင်းအောင်ကြိုးစားပါ။ ဒီနေ့ကိုယ်ထက် မနက်ဖြန်ကိုယ်က ပိုကောင်းအောင် ပြင်ဆင်ကြိုးစားပါ။ တခြားသူနဲ့ ပြိုင်တာထက် ကိုယ့်ကိုယ်ကိုယ်ပဲပြိုင်ပါ။ ကိုယ့်ရဲ့ မနေ့က Version ထက် ကောင်းမွန်သာလွန်အောင် လုပ်ဆောင်ပါ။ တခြားသူဘဝနဲ့ ကိုယ့်ဘဝကို ဘယ်တော့ (ဘယ်တော့မှ) မနှိုင်းယှဉ်ပါနဲ့။

(ဆ) ရလဒ်က ထင်သာမြင်သာမရှိသေးရင်လည်း မရပ်လိုက်ပါနဲ့။ အကြီးမားဆုံးပြောင်းလဲမှုတွေက တစ်ညတည်းနဲ့ ပြောင်းလဲလာတာမဟုတ်ပါဘူး။ လဲကျတိုင်းသာ ပြန်မရပ်ရင် ကျွန်တော်တို့ အခုချိန်ထိ လမ်းလျှောက်တတ်မှာမဟုတ်ဘူး။ ကိုယ်တိတ်တိတ်လေး ကြိုးစားနေတာတွေကို တခြားသူတွေ မြင်ချင်မှမြင်မှာဖြစ်ပေမယ့် မကြာခင်မှာ ကိုယ့်ရဲ့အောင်မြင်မှုတွေက ပေါ် ထွက်လာမှာပါ။

ဒီလိုသာတစ်နေ့တစ်လံပုဂံဘယ်ရွှေ့မလဲဆိုတဲ့ စကားပုံနဲ့အညီ ကြိုးစားလုပ်ဆောင်သွားရင် ငါပြောင်းလဲနေပါပြီ၊ ငါ့ကိုယ်ငါတိုးတက်အောင်၊ လောကကို အကျိုးပြုနိုင်အောင် လုပ်ဆောင်နေပြီလို့ လူတွေကို နှုတ်နဲ့ပြောနေစရာမလိုတော့ပါဘူး။ ရှင်၊ ခင်ဗျား၊ မင်း၊ ယူက အရင်ကနဲ့ လုံးဝမတူတော့ပါဘူးလို့ သူတို့ကိုယ်တိုင် ပြောလာတဲ့အထိ၊ အသိအမှတ်ပြုလာတဲ့အထိ၊ ကိုယ့်ကိုယ်ကိုယ်စိတ်ကျေနပ်လာတဲ့အထိ "ကိုယ့်ဘဝကိုယ် တစ်ဆင့်ချင်း၊ တစ်လှမ်းချင်း တည်ဆောက်ပါ" မိုင်ပေါင်းထောင်ချီဝေးတဲ့ ခရီးကို ခြေတစ်လှမ်းကစရတာပါ။ ကောင်းသော ပြောင်းလဲခြင်းနဲ့ ပြောင်းလဲ(Change)ကြပါစို့။ ။



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ဟိုပုံး နိုဝင်ဘာ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုဝင်ဘာ ၁၂ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၃၈ ဒသမ ၁၇၅ သန်းဖြင့် လုံဟေး-ခိုလှိုင်လမ်း(၀/၄)မိုင် ကျောက်မှ ကတ္တရာလမ်းဆောင်ရွက်နေမှု၊ ဟိုပုံးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၁၀ ဒသမ ၈၅၂ သန်းဖြင့် HP Treasure မှ တာဝန်ယူဆောင်ရွက်သည့် ကျောက္ကချား-လိုက်ကတူးလမ်း(၀/၁.၅)မိုင် မြေမှ ကတ္တရာလမ်းဆောင်ရွက်နေမှု၊ ဆီဆိုင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၉ ဒသမ ၅၄၄ သန်းဖြင့် ဆမ်ဆိုင်-နားကောင်း-နောင်ပွဲ-ကွန်ပိန်း-ဟိုလိုင်း-ဆိုင်လဲလမ်း (၀/၂)မိုင် မြေမှ ကတ္တရာလမ်းဆောင်ရွက်နေမှု၊ ဆီဆိုင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်း ၁၄၀ ဖြင့် ဘန်းယဉ်နောင်ခွန်-နားယိန်းလမ်းပေါ်ရှိပေ၄၀ တံတား(ပထမပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့၌ သီးနှံအာမခံလျော်ကြေး ပေးအပ်

ပုသိမ် နိုဝင်ဘာ ၁၄

သတ်မှတ်ထားသော မိုးရေချိန်စံညွှန်းကိန်းထက် ကျော်လွန်ခြင်းအတွက် သီးနှံလျော်ကြေး ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်က အမှာစကား ပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးမင်းကြည်ဝင်းက သီးနှံအာမခံနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက တောင်သူများ သီးနှံအာမခံအကာအကွယ် ရရှိစေရန်အတွက် မြန်မာ့အာမခံလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတ်မှတ်မိုးရေချိန်ထက် ကျော်လွန်ခဲ့ခြင်းအတွက် ပုသိမ်ခရိုင် ပုသိမ်၊ သာပေါင်း၊ ငပုတောမြို့နယ် သုံးမြို့နယ်မှ တောင်သူ ၁၃၀၀၆ ဦး၏ စိုက်ပျိုးဧက ၂၁၈၅၀ အတွက် သီးနှံအာမခံလျော်ကြေးငွေကျပ် ၁၃၁၁ သန်းနှင့် ယမန်နေ့ကလည်း ဖျာပုံ၊ ဘိုကလေး၊ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များမှ တောင်သူ ၁၅၂၂၅ ဦး၏ စိုက်ပျိုးဧက ၂၆၇၄၃ ဧက အတွက် သီးနှံအာမခံလျော်ကြေးငွေကျပ် ၁၆၀၄ ဒသမ ၅၈ သန်းတို့ကို တိုင်းဒေသကြီးဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်ဇင်(ပြန်/ဆက်)

စူပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပွားစေရေးအတွက် နိုဝင်ဘာ ၁၃ ရက်က စက္ကူစက်ရုံ(သာပေါင်း)အား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးဇာဏီအောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးသိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးလှိုင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် လျှပ်စစ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးလုံခြုံရေးများ လိုက်လံကြည့်ရှုစစ်ဆေး ဆောင်ရွက်စဉ်။ သာပေါင်း(ပြန်/ဆက်)





ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျောက်တံတား မြို့နယ်ရုံး ပညာ့အလင်း ခေတ်မီစာကြည့်တိုက်တွင် စာအုပ်အလှူရှင် စာရေးဆရာထိန်လင်းမောင် မိသားစုက ကဗျာစာအုပ်သုံးမျိုး ၅၅၅ အုပ်နှင့် ပြက္ခဒိန်အလှူရှင် ဦးစိုးနိုင်(စိုးနိုင်စာပေ)တို့က အခါတော် ပေးပြက္ခဒိန်အစောင် ၂၀၀ ကို နိုဝင်ဘာ ၁၃ ရက်က ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၁၄

ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်၏သမိုင်းနှင့် တပ်မတော်၏ သမိုင်းကြောင်းများကို သိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များ ရင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ခိုးဥပဒေများကို အထောက်အကူပြုစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူသီရိမြို့နယ်ရှိ Wisdom Villa (ကိုယ်ပိုင်အလယ်တန်းကျောင်း)၊ PLANNER (ကိုင်ပိုင်အလယ်တန်းကျောင်း)၊ မိုး(ကိုယ်ပိုင် အလယ်တန်းကျောင်း)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော် (လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော် (ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



မြို့နယ်လုံးဆိုင်ရာ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့၌ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးစီးကျင်းပသော ဆုတောင်းပြည့်မယ်လမုစေတီတော် ဗုဒ္ဓါအောင်မြေတွင် မြို့နယ်လုံးဆိုင်ရာ မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ကျင်းပသည်။

အခမ်းအနားသို့ တက်ရောက်လာကြသော ဩဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတီတော်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက နမော်တဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ပြီး ဓမ္မိဿရကျောင်းဆရာတော်မှ ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် ဘုရားပင့်ပူဇော်ခဲ့သည်။ ထို့နောက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဓိဇကပဏ္ဍိတ ဇလွန်ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပဋ္ဌာန်းအမွှမ်းဂါထာ ရွတ်ဖတ်ပူဇော်ခဲ့သည်။

ဆက်လက်၍ ပင့်သံဃာတော် အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒေသ သုံးကြိမ်သံပြိုင်ရွတ်ဆိုပြီး အလှည့်ကျ ဆရာတော်က ပဋ္ဌာန်းဒေသနာမြတ်များအား ဆက်လက်ရွတ်ဖတ်ပူဇော်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်အထိ မဟာကျမ်းမြတ်ပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ သပ်ရပ်ကျွန်းခရိုင်က ကြီးမှူးကျင်းပသော စတုတ္ထအကြိမ် ဟိန္နုရိုးရာ "ဒီပါဝလီ" ဆီမီးထွန်းပွဲတော်အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မဟာသာသနာ့ဓိမာန်တော်ကြီး၌ ကျင်းပစဉ်။

နိုင်လင်းအောင်(တာမွေ)

လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူဆိုင်ရာ ပညာပေးမွမ်းမံသင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး၏ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူဆိုင်ရာ ပညာပေး မွမ်းမံသင်တန်းကို ယမန်နေ့ နံနက်ပိုင်းတွင် အောင်ဘာလေသိန်းဆုဌာနခွဲရှိ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသည်။



သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ တာဝန်ရှိသူများက ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများအား မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ၊ အခွန်နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မွမ်းမံသင်တန်းကို နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းပထမနေ့တွင် သင်တန်းသား သင်တန်းသူ ၉၂ ဦးတို့ တက်ရောက်ကြပြီး ဒုတိယနေ့တွင် သင်တန်းသား သင်တန်းသူ စုဂ္ဂိုးတို့တက်ရောက်ကြကြောင်း အခွန်ဦးစီးဌာနမှူးရုံးမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို နိုဝင်ဘာ ၁၃ ရက်က မြင့်ရတနာစတိုးသမအသင်းခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများရှေ့မှောက်တွင် အမှုဆောင်သစ်များ ရွေးချယ်ပေးပြီး ကတိသစ္စာခံယူခဲ့ကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်းရှိ ပုဂ္ဂလိက စက်သုံးဆီဆိုင်များ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၃ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ရေးလေ့ကျင့်ဆောင်ရွက်စဉ်။

ကောင်းစစ်နိုင်





သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။

ကလေးမြို့နယ်၌ ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၉ ကီလိုကျော် သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

ကလေးမြို့နယ်တွင် ငွေကျပ် နှစ်ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၃၉ ကီလိုကျော် သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက် ဖြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက် ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေး အကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ ကလေးမြို့ပင်လုံမြို့နယ် ကျိကုန်းရွာအနီးတွင် စိုင်းကိုကို မောင်းနှင်ပြီး လွင်ဖြိုးအောင် လိုက်ပါလာသော NISSAN CONDOR ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ နိုဝင်ဘာ ၅ ရက်တွင် သိမ်းဆည်းရမိ ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ခုပ်လမ်းထွန်း(၃) မောင်လှိုင်အား ကလေးမြို့ ပင်လုံရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။



တရားခံ ခုပ်လမ်းထွန်း(၃)မောင်လှိုင်၊ စိုင်းကိုကို၊ လွင်ဖြိုးအောင် တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူ ၂၇ ဒသမ ၇၂ ကီလိုနှင့်အတူ တွေ့ရစဉ်။

သတင်း ကွင်းဆက်အရ နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ကလေးမြို့နယ် ကျိကုန်းရွာအနီး၌ပင် ဇာနည်မိုး(၃)မိုးအောင် မောင်းနှင်ပြီး အောင်နိုင်မင်း(၃) မင်းမင်း လိုက်ပါလာသော DONG FENG ယာဉ်ပေါ်မှ ဘိန်းဖြူ ၁၁ ဒသမ ၆၆ ကီလို သိမ်းဆည်းရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ရပ်ကွက်တွင် ဆက်လက် ဖမ်းဆီးရမိခဲ့သည်။

ယင်းနေ့တွင် ဘိန်းဖြူများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ မောင်လှ(၃) သော့ပြောင်းအား လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ဘိန်းဖြူများသယ်ဆောင်ခိုင်းသူ ဇော်ဝင်းမောင်(၃) မောင်ပိန်အား လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ငွေကျပ် ၂ ဒသမ ၈၁၈၆၄ တန်ဖိုးရှိ ဘိန်းဖြူ ၃၉ ဒသမ ၃၈ ကီလိုအား သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါ ဘိန်းဖြူများ၏ ပိုင်ရှင်ဖြစ်သူမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်နေ အားပီး(၃)အပို(ဖမ်းဆီးရန်ကျန်) ဖြစ်ပြီး နေလင်းထိုက် (၃) ငပိကောင် (ဖမ်းဆီးရန်ကျန်)၊ ဟိန်းမိုးအောင် (ဖမ်းဆီးရန်ကျန်) တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကလေးမြို့သို့ သယ်ဆောင်ကာ ၎င်းမှတစ်ဆင့် ချင်းပြည်နယ် တီးတိန်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် အယ်နီညီ ရာသီဥတုဖြစ်စဉ်အတွင်း မီးလောင်မီးလန့်မှုများ မဖြစ်ပွားစေရေး အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများမှ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်နေမှုကို တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက နိုဝင်ဘာ ၁၄ ရက်တွင် လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားစဉ်။

ငွေကြေယ်

အဂတိလိုက်စားမှု ကင်းရှင်းစေရေး "1111" ကို ဖြေကြားပေးရန် ပြည်သူသို့ အသိပေးနှိုးဆော်ခြင်း



အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ပါဖြစ်သည်ဆိုသည့်အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့် အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

မြန်မာ့အသံနှင့်ခွပ်မြင်သံကြား



၁၅-၁၁-၂၀၂၆ တနင်္လာနေ့

MRTV HD

- 06:00 နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှုဆောင်အဖွဲ့ဝင် ပဓာနနာယကအဖွဲ့ဆရာတော်များကယင်္ကတိတရားတော်ကြွတိတ်ပုတော်ခြင်း
- 07:00 နံနက်ခင်းသတင်း
- 08:00 သဒ္ဒါမန်းဘိုကွင်းလန်းရာဌေတော်ဓာတ်တော်ဌေရာင်ဝေဆာ
- 09:09 ကာတွန်းအစီအစဉ် 'ထူးဆန်းတဖွယာစဉ်းသာ' (အပိုင်း-၁၉)
- 10:00 သတင်းသားမြေတဲ့သတင်းစကား
- 10:30 'မြို့ပြိုင်ဆိုင်ဆိုင်းလမန်းတောင်တိုင်' တေးဝိတာဇော်ဖြေဖြေ ထုတ်လွှင့်မှုအစီအစဉ်
- 11:00 အသိပညာနှင့်အမှန်တရား
- 11:30 This Week's Special Interest
- 12:00 MRTV National News
- 13:00 မြန်မာ့ယဉ်ကျေးမှု 'မိုင်းနဲ့တောဇာ'
- 16:00 Sports Diary
- 16:30 ထူးခြားဆုံးလင်္ကာရူပဓိဝိတ်အစီအစဉ်
- 17:00 ငြိမ်းလုပ်တိုင်းအတွက် Hand I Craft
- 17:30 သံဃဉ်ထဲမြေ-စတီဝီယိုသေတးကဒ္ဒာ
- 18:00 မြန်မာ့ဇာတ်လမ်းတွဲ 'ငတော' (The Forest) (အပိုင်း-၁၀)
- 19:00 ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- 19:30 မိုးလေလေအာခြေအနေ
- 20:00 ဘာမှန့်အနုပညာ 'ဂီတာတေးရေးမြတ်ဂီုသူတေးသံရှင် ချိုမာလေး' (အပိုင်း-၁)
- 20:30 သေးရောင်စုံရုပ်ရှင် 'မကြာမုမြင်ရသောသံယောဇဉ်'

mitv

- 07:01 Evergreen Classic; Myanmar Shu Khin Myanmar Sate Yinn
- 07:08 Ananda Temple
- 07:48 Myanmar Childhood Games (Episode-3)
- 08:01 News
- 08:27 Smart Village in Hopong: Kyauk Tan
- 08:36 Listening Pleasure,Instrumental Music (Myanmar Harp) Thida Yadana
- 08:48 Wushu Kids & Their Limit (Ep-4)
- 09:01 Shining Stars (Ep-11)
- 09:31 Today Myanmar
- 09:40 Hive Hunter
- 10:01 News

MRTV NRC

- ချင်း (ပျိုင်ဖိုး) (၀၆:၀၀ မှ ၀၇:၀၀) တီဘီရောဂါအကြောင်းသိကောင်းစရာ
- ချင်း (ဒှိုး) (၀၇:၀၀ မှ ၀၈:၀၀) ကောက်ပဲမိုးမိုက်ပျိုးခြင်း
- မွန် (၀၈:၀၀ မှ ၁၀:၀၀) သေးဝက်ဝင်းဝေါင်
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) သာယာရွာမာဇွယ်ရွာမြေ(အပိုင်း-၂)
- ရှမ်း (၁၂:၀၀ မှ ၁၃:၀၀) ရွာငးပါက်ဆွဲချက်နည်း
- ဝ (၁၃:၀၀ မှ ၁၆:၀၀) သီးနှံပျိုးစုံအလုပ်တွဲစုံတဲ့ဟိုးမိုမြို့
- ကချင် (၁၆:၀၀ မှ ၁၈:၀၀) ကချင်ပြိုရာတုပိုယာများအကြောင်းသိကောင်းစရာ
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ကယားပိုရာဝတ်သားနဲ့တက်ဝါးပွက်ပါးနင်းကင်
- ဗမာကချင် (၂၀:၀၀ မှ ၂၁:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၂)
- ဘင်္ဂလားကိုးကချင် (၂၁:၀၀ မှ ၂၂:၀၀) ကနန်ပိုရာယဉ်ကျေးမှုအကာ
- ဘရွှေပိုးကချင် (၂၂:၀၀ မှ ၂၃:၀၀) လည်ပတ်လေ့လာကြည့်ရှုချင်စရာဇီဝမျိုးစုံယဉ်ထည်ရာ

MRTV NEWS

- 06:00 အပွင့်၊ တေးသီချင်း
- 06:09 လူ့လှပ်ရှားများအားကစား
- 07:00 ပြည်တွင်းသတင်း (LIVE)
- 11:00 ပြည်တွင်းသတင်း (LIVE)
- 12:30 နိုင်ငံတကာသတင်း (LIVE)
- 13:00 MRTV National News
- 14:00 သတင်းမုန်းကုဒ္ဓ (LIVE)
- 15:00 ပြည်တွင်းသတင်း (LIVE)
- 15:59 ကမ္ဘာတစ်လွှားနေ့ပညာသတင်းများ
- 16:00 ပြည်တွင်းသတင်း (LIVE)
- 16:59 ဒုစရိုက်ရာဝတ္ထုတောင်းအဝေး
- 17:00 ပြည်တွင်းသတင်း (LIVE)
- 17:59 Kpop Music Gallery

MRTV PARLIAMENT

- 09:00 အပွင့်၊ အလံ
- 09:30 တတိယအကြိမ်ပြည်သူလွှတ်တော် တတိယပုံမှန်အစည်းအဝေး (Replay)
- 14:00 ပြည်တွင်းသတင်း(15.11.2026)

MRTV FARMERS

- 06:00 အပွင့်၊ နိုင်ငံတော်သီချင်း
- 06:03 တောင်သူလယ်သမားရေးရာသတင်း
- 06:30 နိုင်ငံခြားမြင်မားပုံစိုက်ပေးကာကွယ်ခြင်းတပ်မို့
- 07:00 တေးလေးကိုးနှက်
- 08:00 နေကြစိုက်ပါးများမွေးမြူ
- 09:00 ဝင်ငွေတိုးများအကျိုးများဟိုဝိုးဒေသခံ ယာကွန်စိုက်ပျိုးမွေးမြူခြင်းအား
- 10:30 ပေတ္တသံသနာ(ဇာတ်ဝိုဏ်းလမ်း)

MRTV SPORTS

- 06:00 အပွင့်
- 06:30 လူငယ်တို့အတွက်လမ်းပြကြမယ်
- 06:59 Weekly Sports Info
- 07:50 Weekend Sports News
- 08:00 ၂၀ ဉီးသုခ၊ အာရုအားကစားကြိုင်ပွဲ U-23 အမျိုးသားဘောလုံးကြိုင်ပွဲဝိုင်းလုပ်ပွဲ (Replay)
- 12:00 အားကစားသတင်း

Scan Here

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီး

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့ အထိ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၇ လုံး၊ စုစုပေါင်းအဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု









မျှဝေလိုသည့် ပီတိများ

မောင်အောင်

"အမေ ထမင်းစားလို့ကောင်းရဲ့လား။ အမေကြိုက်တဲ့ ငါးရံ့ချဉ်ရည်ဟင်းလေးချက်ထားတယ်လေ"

လွန်ခဲ့သောအနှစ် ၃၀ ကျော်ခန့်ကဖြစ်ပါသည်။ ထိုစဉ်တုန်းက ဘကြီးအောင် ပင်လုံဝန်တင်တပ်၌ တာဝန်ထမ်းဆောင်နေပါသည်။ အဖေဆုံးပြီးကတည်းက အမေနှင့်မမတို့က ဘကြီးအောင်တို့ မိသားစုနှင့်လိုက်နေပါသည်။ ပုံမှန်အားဖြင့် မွန်းတည့် ၁၂ နာရီတွင် ဘကြီးအောင်ရုံးမှ အိမ်သို့ပြန်၍ ထမင်းစားလေ့ရှိပါသည်။ အမေက ဘကြီးအောင်နှင့်အတူ ထမင်းစားလေ့ရှိသဖြင့် အရေးကြီးကိစ္စမရှိပါက ဘကြီးအောင် အချိန်မှန်အိမ်ပြန်၍ နေ့လယ်စာ အမေနှင့်အတူ ထမင်းစားပါသည်။ ထိုအချိန်က ဘကြီးအောင် အသက်က ၃၈ နှစ်ခန့်၊ အမေ့အသက်က ၇၅ နှစ်ခန့်ရှိပါပြီ။

"ဟင်းလေးကတော့ စားလို့ကောင်းပါတယ်။ ဒါပေမဲ့ ထမင်းစားရတာ ကြမ်းပေါက်ကျွဲသလို ဖြစ်နေတယ်"

"အမေကလည်း ကြံကြံဖန်ဖန်၊ ထမင်းစားတာ ကြမ်းပေါက်ကျွဲသလိုဆိုတော့ ဘာဆိုင်လို့လဲ၊ ဘာဖြစ်လို့လဲ"

ဘကြီးအောင်က အမေ့စကားကိုနားမလည်၍ ပြန်မေးလိုက်ခြင်းဖြစ်သည်။

"ဟင်းကကောင်းပေမယ့် သွားတွေက မကောင်းတော့ ကြမ်းပေါက်ကျွဲသလို ဖြစ်တာကို ပြောတာ၊ အခု မင်းဘယ်နားလည်ပဲ့မလဲ၊ အချိန်တန်



ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံ။

သည်။ ဘကြီးအောင်တို့ ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်ခန့် မှစ၍ ကိုယ်နှင့်တန်ရာအလုပ် လုပ်ရပါသည်။ တံမြက်စည်းလုည်း၊ သောက်ရေအိုးရေဖြည့်၊ ချိုးရေခပ်၊ ကြမ်းတိုက် စသည်ဖြင့် လုပ်ရပါသည်။ မမက သူကိုယ်တိုင်လည်း အလုပ်လုပ်ပါသည်။ မမကို ဘကြီးအောင်တို့ ပြန်မပြောရဲပါ။ တစ်ခါလောက် အရိုက်ခံရပြီးကတည်းက သူ့စကားနားထောင်ပါသည်။

ညနေကျောင်းကပြန်လာလျှင် တစ်နာရီခွဲခန့် ကစားချိန်ရပါသည်။ ညနေ ၅ နာရီခွဲလျှင် ရေချိုး၊ ခြေလက်ဆေးပြီး ညစာစားရပါသည်။ ည ၇ နာရီ ထိုးလျှင် ဘကြီးအောင်တို့ မောင်နှမလေးယောက် စလုံး သံပြိုင်ဘုရား၇ိုခိုးရပါသည်။ ပြီးနောက် စာကြည့်ရပါသည်။ အသက်အရွယ်နှင့် အတန်းပေါ်မူတည်၍ ညအိပ်ရပါသည်။ ဘကြီးအောင်တို့ ၄ တန်း ရောက်သည့်အခါ ည ၉ နာရီခွဲအထိ စာကြည့်ပြီးမှ အိပ်ရပါသည်။ မအိပ်ခင် နေ့စဉ်ပုံမှန်သွားတိုက်ရပါသည်။ သွားတိုက်ဆေးနှင့် သွားပွတ်တံကို ဘကြီးအောင်တို့ ငယ်စဉ်ကတည်းကသုံးခဲ့ရပါသည်။

မမလေ့ကျင့်ပေးထားသဖြင့် တက္ကသိုလ်ရောက် သောအခါ ကျောင်းအဆောင်တွင် နေထိုင်စဉ်လည်း ဘကြီးအောင် ညမအိပ်ခင်သွားတိုက်ပါသည်။ တစ်ခုပို့လာသည်မှာ နံနက်စောစာစားပြီး ကျောင်း မသွားမီ သွားတိုက်ခြင်းဖြစ်ပါသည်။ ဘကြီးအောင် နှင့် ခုတင်ချင်းကပ်လျက်နေသည့် သူငယ်ချင်းက "မင်းက သွားကိုတယ်ပြီး ဂရုစိုက်ပါလား" ဟုပြောရသည်အထိ သွားကျန်းမာရေးကို ဘကြီးအောင် အထူးဂရုစိုက်ခဲ့ပါသည်။

တက္ကသိုလ်ကျောင်းပြီး၍ တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်သည့်အခါတွင်လည်း ရှေ့တန်းတာဝန်ထမ်းဆောင်ချိန်မှာရော နောက်တန်း မှာရှိနေသည့်အခါတွင်ပါ ရေရှိလျှင် သွားတိုက်နိုင်ရန် သွားတိုက်ဆေး၊ သွားပွတ်တံအမြဲဆောင်ထားပါသည်။ သွားတိုက်ဆေးလုံးဝမရနိုင်သည့် အခါတော့ ဆားဖြင့်သွားတိုက်ပါသည်။

သို့သော်....

ဤသို့သော်ကား လူတိုင်းမဖြစ်မနေကြုံရသည့် ကိစ္စဖြစ်ပါသည်။

ဘကြီးအောင်အသက် ၅၅ နှစ်ကျော်လာသည့် အခါ သွားများယိုင်နဲ့ခြင်း စတင်ဖြစ်လာပါသည်။ အချို့သွားများ အခြေမခိုင်ဖြစ်လာပါသည်။ သည်အချိန်တွင် သွားဆေးရုံသို့သွား၍ သွားဆရာဝန် ပြသပြီးကုသမှုခံယူရပါသည်။ အသက် ၆၀ ပြည့်ပြီး ပင်စင်ယူရသည့်အခါမှာတော့ သွားကိုအထူးဂရုစိုက် သော်လည်း တချို့သွားများ ကျိုးတာ၊ ပဲ့တာဖြစ်လာပါသည်။ ငယ်ငယ်တုန်းကလို မာမာဝါး၍မရပါ။

ယခုဘကြီးအောင်အသက် ၇၀ ကျော်လာသော အခါ....

"ဆရာရေ အားလည်းနာတယ်၊ ခင်လည်း ခင်တယ်ဆိုသလို ဆရာ့ဆေးရုံကိုတော့ လာရပြန်ပြီ"

သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီးအား ဘကြီးအောင်နှုတ်ဆက်ပြော ပြောခြင်းဖြစ်ပါသည်။ ဘကြီးအောင်တို့ တက္ကသိုလ်ဒုတိယနှစ် (၁၉၇၀ ပြည့်နှစ်) တုန်းက ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင် ပွဲကျင်းပပါသည်။ ထိုစဉ်က ကမာရွတ်မြို့နယ်ရှိ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်ဝင်းအတွင်း ပဒေသာ ကပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပါသည်။ ဘကြီး အောင်တို့ တက္ကသိုလ်ကျောင်းသားများ ပျော်လိုက် သည့်ဖြစ်ခြင်း၊ အဆောင်ကိုပင် ညပြန်မအိပ်ဘဲ ပွဲခင်းထဲ တစ်ညလုံးပတ်ပြီးကြည့်ဖြစ်ပါသည်။ အဲဒီ မှာ တက္ကသိုလ်အငြိမ့်အဖွဲ့တစ်ခုက တစ်ခုခု သူရချင် လျှင် အားမနာတော့ဘဲ "အားလည်းနာတယ်၊ ခင်လည်းခင်တယ်" ပြောပြီး သူလိုချင်တာကို မရရ အောင်ယူသည့်ပုံစံဖြင့် ဧတ်လမ်းဆင်ပါသည်။ သူတို့၏ အပြောအဆိုနှင့် အမူအရာသရုပ်ပါမှု ကြောင့် ကြည့်ရှုသည့် ပရိသတ်သဘောကျ နှစ်ခြိုက် ကြရုံမက ထို "အားလည်းနာတယ်၊ ခင်လည်းခင်တယ်" ဆိုသည့်စကား လူတိုင်းပါးစပ်ဖျားမှာ စွဲသွားပါသည်။

သို့ဖြစ်၍ သွားဆေးခန်းသို့ ခဏခဏသွားပြီး ပြရ၍ အားတော့နာပါတယ်၊ ဒါပေမဲ့ ခင်တဲ့ အတွက်ကြောင့် မဖြစ်မနေထပ်ပြီးလာပြရကြောင်း ဘကြီးအောင်ပြောခြင်းဖြစ်ပါသည်။

"ဆရာရေ၊ ကျွန်တော့်ပါးစပ်ထဲက သွားတွေက ယာဉ်အိုယာဉ်ဟောင်းပြင်သလို ဖြစ်နေတယ်။ ဆရာ ဒီသွားလုပ်ပေးတယ်။ နောက်တစ်ချောင်းက ထပ်ဖြစ်တယ်။ အောက်အံသွားလုပ်ပေးတယ်။ အပေါ်အံသွားက ထပ်ဖြစ်တယ်။ အဲဒီတော့ အားလည်းနာတယ်၊ ခင်လည်းခင်တယ်။ ဒါပေမဲ့ ထမင်းကောင်းကောင်းစားလို့မရဘဲ ကြမ်းပေါက်ကျွဲ နေလို့ ဆရာ့ဆီထပ်လာပြီးပြရတာပါ"

"ရပါတယ် အဘရယ်။ ဒီအရွယ်မှာ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ ကျွန်တော်တို့က အဘတို့ကို ပြုစု လုပ်ပေးရလို့ ကုသိုလ်တောင်ရပါသေးတယ်။ အားမနာပါနဲ့။ သွားမကောင်းရင်၊ အစာစားရခက် ရင် အချိန်မမွေးလာပါ။ ကျွန်တော်တို့ အဘအပါအဝင် သွားဝေဒနာရှင်အားလုံးကို အမြဲတမ်းကြိုဆိုနေပါ တယ်။"

သွားနှင့် ခံတွင်းအထူးကုဆေးရုံဆရာဝန်ကြီး က ဘကြီးအောင်၏သွားများကို ကုသပေးရန် ပြင်ဆင် ရင်း ပြောလာခြင်းဖြစ်သည်။ ဆရာဝန်ကြီးအပါအဝင် ဆရာဝန်မနှင့် အကူသူနာပြုများကလည်း လိုအပ် သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။ သို့ဖြစ်၍ လည်း သွားနှင့် ခံတွင်းဆေးရုံကို လာ၍ပြသည့် အခါတိုင်း ဘကြီးအောင်စိတ်ကြည်နူးမှု၊ ကျေနပ် နှစ်သိမ့်မှုဖြစ်ရပါသည်။

ဆေးဝါးကုသပြီး ဆေးရုံမှပြန်အထွက်တွင် မှန်တံခါးကိုဖွင့်လိုက်သည့်အခါ မှန်တံခါးတွင် ကပ်ထားသည့်စာတန်းလေးကိုဖတ်ရင်း ဘကြီး အောင်ရင်တွင်း ဝမ်းသာပီတိဖြစ်ရပါသည်။ စာတန်း လေးက

> **နေပြည်တော်**
> **သွားနှင့်ခံတွင်းအထူးကုဆေးရုံ၏**
> **ပြင်ပလူနာကြည့်ချိန်အား**
> **(စနေ၊ တနင်္ဂနွေနေ့များပါ)**
> **တိုးချဲ့ဖွင့်လှစ်ထားပါသည်။**

ဆေးရုံပြင်ပထွက်လိုက်သည့်အခါ ဆေးရုံ ဆင်ဝင်အထက် ဓာတုစည်းတွင်လည်း "လှိုက်လှဲ နွေးထွေးစွာ ကြိုဆိုပါ၏" ဟူသောစာတန်းကြီးက ခန့်ထည်လှပါသည်။ ထိုစာတန်းများကို ဖတ်ရှုပြီး ဘကြီးအောင်ရင်တွင်း ဝမ်းသာကြည်နူးပီတိများ လှိုက်လှဲစွာခံစားရပါသည်။ ဘကြီးအောင်တို့ ဆေးရုံ ဝန်ထမ်းများ၏ မေတ္တာ၊ စေတနာသည် ပြည်သူများ အပေါ် နွေးထွေးလှိုက်လှဲစွာ ရှိကြပါတကား။ ဘကြီး အောင်ခံစားရသည့် သည်ပီတိမျိုး စာဖတ်သူများ ခံစားရစေရေးအတွက် ရင်တွင်းမှ မေတ္တာ၊ စေတနာ များစွာဖြင့် ဤဆောင်းပါးကိုမျှဝေလိုက်ပါသည်။ ။

၆ သွားနှင့် ခံတွင်းအထူးကုဆေးရုံဆရာဝန်ကြီးက ဘကြီးအောင်၏သွားများကို ကုသပေးရန်ပြင်ဆင်ရင်း ဆရာဝန်မနှင့် အကူသူနာပြုများကလည်း လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးကြသည်။ သို့ဖြစ်၍လည်း သွားနှင့်ခံတွင်းဆေးရုံကို လာ၍ပြသည့်အခါတိုင်း ဘကြီးအောင် စိတ်ကြည်နူးမှု၊ ကျေနပ်နှစ်သိမ့်မှုဖြစ်ရပါသည်။

ဆေးဝါးကုသပြီး ဆေးရုံမှပြန်အထွက်တွင် မှန်တံခါးကိုဖွင့်လိုက်သည့်အခါ မှန်တံခါးတွင် ကပ်ထားသည့်စာတန်းလေးကိုဖတ်ရင်း ဘကြီးအောင်ရင်တွင်း ဝမ်းသာပီတိဖြစ်ရပါသည်။ စာတန်းလေးက . . . ၅

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရပ်ရွာသံယောများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတိဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစိတိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း များကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်း စေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးဆုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာစီမျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း ၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူ ဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဦးစီးဌာနသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



၁ ရေကို ကြိုတင်စီမံပါ

- တိရစ္ဆာန်အလိုက် နေ့စဉ်ရေလိုအပ်ချက်တွက်ချက်ပါ။
- အရေးပေါ်သုံးရေကို အနည်းဆုံး ၇ရက်စာသိုလှောင်ပါ။
- ရေတွင်း၊ ရေကန်၊ ဆည်၊ မြေအောက်ရေနှင့် အခြားရေအရင်းအမြစ်များကို စစ်ဆေးပါ။
- ရေစုပ်စက်၊ ပိုက်လိုင်း၊ ရေတိုင်ကီနှင့် အရန်လျှပ်စစ်စနစ်များကို ကြိုတင်ပြင်ဆင်ပါ။
- မြို့နယ်အလိုက် ရေအရင်းအမြစ်ရရှိမည့်မြေပုံရေးဆွဲထားပါ။





၂ အစာကို ကြိုတင်သိုလှောင်ပါ

- ဒေသနှင့်ကိုက်ညီသော အစာစိမ်းပင်များကို ကြိုတင်စိုက်ပျိုးပါ။
- မြက်ခြောက်နှင့် မြက်/ပြောင်းချဉ်ဖတ်ပြုလုပ်သိုလှောင်ပါ။
- အစာကြမ်း ၃ လစာ အရန်စီမံထားရှိပါ။
- ပြောင်း၊ ဆန်ဖွဲ၊ ပဲဖတ်နှင့် ဆီကြိတ်ဖတ် အပါအဝင် အစာကုန်ကြမ်းများကို ကြိုတင်စုဆည်းပါ။
- အစာများကို မိုးဆိပ်၊ ခဲဆိပ်အန္တရာယ် မရှိအောင် ကာကွယ်ပါ။





၃ ရောဂါကိုကြိုတင်ကာကွယ်ပါ

- လိုအပ်သောကာကွယ်ဆေးများကိုတင်ထိုးနုံပါ။
- မွေးမြူရေးခြံအဝင်/အထွက်ထိန်းချုပ်ခြင်းနှင့် ဒီဝင်လုံခြုံမှုကို စနစ်တကျဆောင်ရွက်ပါ။
- ကာကွယ်ဆေးသိုလှောင်မှု (Cold Chain အပါအဝင်) ကို စနစ်တကျဆောင်ရွက်ပါ။
- ခွာနာလျှာနာရောဂါ၊ အရေပြားအကျိတ်နာရောဂါ၊ အာဖရိကဝက်အပြင်းဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ဆိတ်ပလိပ်ရောဂါများကို ကာကွယ်ပါ။
- သံသယဖြစ်ဖွယ်ရောဂါဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ပါ။





၄ အပူဒဏ်မှ ကာကွယ်ပါ

- အရိပ်၊ လေဝင်လေထွက်ကောင်းမွန်မှုနှင့် သန့်ရှင်းသော သောက်ရေကို စီစဉ်ဆောင်ရွက်ပါ။
- လိုအပ်သည့်နေရာများတွင် ပန်ကာနှင့် အအေးပေးစနစ်များ တပ်ဆင်ပါ။
- အပူချိန်မြင့်မားချိန်တွင် တိရစ္ဆာန်များအား ခိုင်းစေခြင်း၊ လွှတ်ကျောင်းခြင်းနှင့် သယ်ယူခြင်း မပြုရ။
- အစာကို နံနက်စောစောနှင့် ညနေပိုင်းတွင် ကျွေးပါ။
- တိရစ္ဆာန်များကို လုံလောက်သော အကျယ်အဝန်းတွင် ထားရှိပါ။





၅ အရေးပေါ်တုံ့ပြန်မှုကို အသင့်ပြင်ထားပါ

- မီးစက်၊ ရေစုပ်စက်နှင့် ပန်ကာများကို ကြိုတင်ပြင်ဆင်ထားပါ။
- မြို့နယ်အလိုက် တိရစ္ဆာန်အရေအတွက်၊ ရေအရင်းအမြစ်၊ အစာအရင်းအမြစ်နှင့် အန္တရာယ်ရှိသောဒဏ်များကို စာရင်းပြုစုပါ။
- အပူချိန်၊ စိုထိုင်းဆ၊ အစာစားနှုန်း၊ ထုတ်လုပ်မှုနှင့် သေဆုံးမှုများကို နေ့စဉ်စောင့်ကြည့်ပါ။
- ရောဂါသံသယရှိပါက သတင်းပို့ခြင်း၊ စစ်ဆေးခြင်း၊ နမူနာရယူခြင်း၊ စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းများကို ကြိုတင်သတ်မှတ်ထားပါ။





"ရေရှိမှ မွေးမြူနိုင်မည်။ အစာရှိမှ ထုတ်လုပ်နိုင်မည်။ ကြိုတင်ပြင်ဆင်မှ ဆုံးရှုံးမှုလျော့နည်းမည်"

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝုဏ္ဏူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ဝုဏ္ဏူးအားကစားအဆင့်အတန်း ပိုမိုမွှဲပြီးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနကကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဝုဏ္ဏူးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ “၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝုဏ္ဏူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား”ကို ယနေ့ည နေပြည်တော်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဘူမိ ကျင်းပသည်။



ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား/အမျိုးသမီး) ထောက်လုပြိုင်ပွဲ၊ ကွန့်စုပြိုင်ပွဲ၊ ချန်းစုပြိုင်ပွဲ၊ သွေ့လျှံနှင့်ပြိုင်ပွဲနှင့် ဆန်းဆိုပြိုင်ပွဲများကို ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီး Form B ကျန့်စု+ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ဇူးဇာနည်ထက်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဖူးပြည့်စုံထွန်း၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ရွှေရည်ဝင်းလွဲနှင့် အမျိုးသား Form B ကျန့်စု+ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ငြိမ်းမာန်ထက်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ စိုင်းထက်ဘုန်းကို၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ဥက္ကာမိုး၊ အမျိုးသမီး Form A ကျန့်စု + ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မေသော်တာ၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ မေသူကျော်၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ယွန်းပိုးအိမ်၊ အမျိုးသား Form A ကျန့်စု+ ချန်းစုပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ဝေယံမိုးဟိန်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဟိန်းထက်မင်း၊ တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ မျိုးလင်းခန်၊ အမျိုးသမီး Form A သွေ့လျှံ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းမှ အိအိငြိမ်းနှင့် ဖူးပွင့်သော်တာအတွဲ၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဟန်စုနွေးနှင့် မေသူကျော်အတွဲ၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကြယ်စင်ဇော်နှင့် ယွန်းပိုးအိမ် အတွဲနှင့် အမျိုးသား Form A သွေ့လျှံနှင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ပြည့်ဖြိုးမောင်နှင့် ဟိန်းထက်မင်းအတွဲ၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခန့်ဖြိုးအောင်နှင့် ကြယ်စင်ဝိုင်းအတွဲ၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇောဒုန်းလွှဲနှင့် ပြည့်စုံဇော်အတွဲ၊ ဆန်းဆို(အတိုက်) အမျိုးသမီး ၅၆ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းမှ ဇင်ဝေအောင်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ နိမ်းမနာ၊ တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ နန်းနွဲ့နွဲ့နှောင်း၊ ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ နော်ထူးလောအယ်၊ အမျိုးသား ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချင်းပြည်နယ်အသင်းမှ ထွန်းထွန်းထက်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပိုင်သုကျော်၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဟိန်းထွဋ်ဇံ၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ သန်းကျော်ဦးတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် အမျိုးသား/အမျိုးသမီး ထောက်လုပ် Form C ပြိုင်ပွဲတွင် ရွှေငါးခု၊ ငွေလေးခုနှင့် ကြေးနှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ရှမ်းပြည်နယ်အသင်း၊ အမျိုးသား/အမျိုးသမီး ထောက်လု Form B ပြိုင်ပွဲတွင် ရွှေငါးခုနှင့် ငွေလေးခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသား/အမျိုးသမီး ထောက်လု Form A ပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေခုနစ်ခုနှင့် ကြေးတစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဆန်းဆို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေတစ်ခုနှင့် ကြေးလေးခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် ရွှေ ၁၀ ခု၊ ငွေ ၁၃ ခုနှင့် ကြေး ၁၁ ခုဖြင့် စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၂၀၂၆ ခုနှစ် “တိုင်းဒေသကြီးနှင့်ပြည်နယ် ဝုဏ္ဏူးပြိုင်ပွဲ” ကို နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး သဃ်ိန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏဘူမိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်း စုစုပေါင်းပြိုင်ပွဲဝင်အင်အား ၂၆၆ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



MIU အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်စဉ်။

✯ အာရှဖလားမှ

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုနိုင်ပွဲမှာ မြန်မာအသင်းအတွက် အရေးပါနေပြီး ခြေစစ်ပွဲအောင်မြင်ရေး ဆက်လက်မျှော်လင့်နိုင်ခဲ့သည်။ ပထမပွဲတွင် အာဖဂန်နစ္စတန်ကို အရေးနိမ့်ထားသည့် မြန်မာအသင်းသည် ယခုပွဲအနိုင်ရမှ ခြေစစ်ပွဲအောင်မြင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သောကြောင့် အားထည့်ကစားခဲ့သလို ပထမပွဲထက် အမှားနည်းပြီး ရရှိသည့်ဂိုးသွင်းခွင့်များ အသုံးချနိုင်သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံးအတွက် ခြေစစ်ပွဲအောင်မြင်ရေးမျှော်လင့်ချက်အတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့ပြီး မြန်မာအသင်းသည် ပထမပိုင်းပြီးခါနီးမှ အဖွင့်ဂိုးရခဲ့သည်။ ၄၅+၁ မိနစ်တွင် သူရဟိန်းထက်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး မြန်မာအသင်းက ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ၅၂ မိနစ်တွင် ပိုင်ဇေထွန်းက ဒုတိယဂိုးထပ်သွင်းသော်လည်း ၇၁ မိနစ်တွင် မူလာက ဖိလစ်ပိုင်အသင်းအတွက် အဝေးကန်ချက်ဖြင့် ချေဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ယင်းဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်း အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း အနိုင်သေချာစေမည့် တတိယဂိုးကို ၇၇ မိနစ်တွင် သက်နိုင်ဦးက သွင်းယူခဲ့သည်။

စတားစီးတီးကွင်း၌ ကျင်းပသည့်ပွဲတွင် အင်ဒိုနီးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စု(A) စတုတ္ထနေ့ကို နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၃ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စတားစီးတီးကွင်း၌ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ သုဝဏ္ဏကွင်း၌ အာဖဂန်နစ္စတန်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု(A) တတိယနေ့အပြီးတွင် အာဖဂန်နစ္စတန်အသင်းနှင့် အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်စီ၊ မြန်မာအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးမှတ်ရထားပြီး ကမ္ဘောဒီးယားအသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

❍ MFF မှ

ချန်ပီယံဆုမျှော်လင့်နိုင်သည့် ဇယားထိပ်ပိုင်းမှအသင်းများ နိုင်ပွဲကိုယ်စီရရှိခဲ့သဖြင့် လက်ကျန်နှစ်ပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ လက်ကျန်နှစ်ပွဲအလိုတွင် သုံးမှတ်အသာရထားသည့် MIU အသင်းသည် အခွင့်အရေးကောင်းနေပြီး Pacific Sun Far အသင်းနှင့် YRG အသင်းမှာလည်း အခွင့်အရေးကိုယ်စီရှိနေသည်။ ပွဲစဉ်(၂၀) တွင် YCDC Dream Team အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၂၉ ဂိုး-ဂိုးမရှိ၊ YRG အသင်းက Royal Noka အသင်းကို ၁၀ ဂိုး-သုံးဂိုး၊ MIU အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ၁၁ ဂိုး-တစ်ဂိုး၊ Pacific Sun Far အသင်းက Gold Dream အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ ULAD အသင်းက United City အသင်းကို လေးဂိုး-တစ်ဂိုး၊ JV အသင်းက Burmese Warriors အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ်(၂၀)အပြီးတွင် MIU အသင်းက ၅၅ မှတ်၊ Pacific Sun Far အသင်းနှင့် YRG အသင်းက ၅၂ မှတ်စီ၊ YCDC Dream Team အသင်းက ၄၄ မှတ်၊ Gold Dream အသင်းက ၃၇ မှတ်၊ ULAD အသင်းက ၃၆ မှတ်၊ JV အသင်းက ၂၄ မှတ်၊ United City အသင်းက ၂၁ မှတ်၊ Royal Noka အသင်းက ၁၈ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ၁၁ မှတ်၊ မင်္ဂလာဒုံစီးတီးအသင်းက သုံးမှတ်၊ Burmese Warriors အသင်းက တစ်မှတ် ရရှိထားသည်။

သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – MFF

❖ M–League II မှ

တက္ကသိုလ်ကွင်း၌ ကျင်းပသည့် ပွဲတွင် ရာမညဃူနိုက်တက်အသင်းနှင့် Junior Lions အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ နိုင်ပွဲဆက်နေသည့် မြန်မာ ယူ-၁၉ လူငယ် လက်ရွေးစင်အသင်း ဖြစ်သော Junior Lions အသင်း နိုင်ပွဲဆက်မူ ရပ်တန့်ခဲ့ရသည်။ ရာမညဃူနိုက်တက်အသင်းသည် ပထမပိုင်းအပြီး တစ်ဂိုးအသာဖြင့် ဦးဆောင်နေသော်လည်း ဒုတိယပိုင်းတွင် ဂိုးပြန်ပေးလိုက်ရပြီး သရေကျခဲ့ခြင်းဖြစ်သည်။ ရာမညဃူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးကို ကိုးမိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူပြီး Junior Lions အသင်းအတွက် ချေပဂိုးကို ၇၂ မိနစ်တွင် ဝေယံမင်းဦးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ရာမညဃူနိုက်တက်အသင်းမှ ဝဏ္ဏဇော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် မနောအသင်းနှင့် Elite Kings အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ မနောအသင်း ငါးပွဲဆက် နိုင်ပွဲ ပျောက်ဆုံးခဲ့သဖြင့် ဒုတိယမြောက် သရေပွဲ ကြုံတွေ့ခဲ့ရသည်။

ယခုပွဲအတွက် AYA Pay Player of the Match ဆုကို Elite Kings အသင်းနောက်ခံလူ ကိုးသန်းဇော်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

ယခုတစ်ပတ်တွင် ထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ပေါ်ခဲ့ပြီး ပွဲစဉ်(၄)အပြီးထိ ဆက်တိုက် ဦးဆောင်နေသည့် တက္ကသိုလ် အသင်း ယခုတစ်ပတ်တွင် သရေကျခဲ့သဖြင့် ငါးပွဲဆက်အနိုင်ရသည့် ရခိုင်ယူနိုက်တက်အသင်းထံ ထိပ်ဆုံးနေရာ လွှဲပြောင်းပေးခဲ့ရသည်။ ပွဲစဉ်(၅)အပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၅ မှတ်၊ တက္ကသိုလ်အသင်းက ၁၃ မှတ်၊ Junior Lions အသင်းက ၁၀ မှတ်၊ ရွိုင်ဂယ်ဒဂုံအသင်းက ကိုးမှတ်၊ VUE နေပြည်တော် အသင်းက ရှစ်မှတ်၊ ရာမည ယူနိုက်တက် အသင်းက ခြောက်မှတ်၊ Elite Kings အသင်းက လေးမှတ်၊ မနောအသင်းက နှစ်မှတ်၊ Asia Lion အသင်းက တစ်မှတ်ရထားပြီး Enjoy Brother အသင်းမှာမူ အမှတ်မရသေးပေ။

သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ – ညီညီမင်း(ML)

■ နယ်သာလန်မှ

တင်ဘာက နှစ်ဂိုးနဲ့ မာလန်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

နယ်သာလန်အသင်းအတွက် သွင်းဂိုးသုံးဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ရီဂျန်ဒါဟာ နယ်သာလန်အသင်းနဲ့အတူ ပထမဆုံးအကြိမ် ဟက်ထရစ် သွင်းယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။

နယ်သာလန်အသင်းဟာ ယခုယှဉ်ပြိုင်ကစားနေတဲ့ ယူအီးအက်ဖ်အေ နေ့ရှင်းလင်းပြိုင်ပွဲမှာ ရှုံးပွဲတစ်ပွဲမှမရှိသေးဘဲ သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ် ထွက်ပေါ်ထားတာလည်း ဖြစ်ပါတယ်။

ဂျာမနီအသင်းကတော့ အုပ်စုအဆင့်ပွဲစဉ်(၅)မှာ ဆားဘီးယား အသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပြီး ဆားဘီးယားအသင်းကို အနိုင်ရရှိခဲ့လို့ ရမှတ်ရှစ်မှတ်ဖြင့် အုပ်စုအဆင့်(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ ဂျာမနီအသင်းဟာ ယူအီးအက်ဖ်အေနေ့ရှင်းလင်းရဲ့ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်မှာ နယ်သာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ငွေကြေယ်

✪ ကျောဖုံးမှ

ယှဉ်ပြိုင်ကစားနေမှုများကို ဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အမျိုးသမီး အုပ်စုပတ်လည်ပွဲစဉ်တွင် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ပြီး အမျိုးသား အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ - တစ်ပွဲဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားရေးရာဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီအချိန်မှ စတင်၍ ၂၀၂၆ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်အဖြစ် အမျိုးသမီးပွဲစဉ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်နှိမ်ငြင်းများပြီး မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် နိုဝင်ဘာ ၁၃ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်၍ ညောင်တုန်းမြို့နယ် ကြိမ်မဟုတ်ဆယ်ကျေးရွာရှိ HTUN စက်သုံးဆီအရောင်းဆိုင်အား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

စူပါဦး

သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ အသိပညာပေးသင်တန်းဖွင့်

ကသာ နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ လူမှုဝန်ထမ်းဦးစီးဌာနက သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ အသိပညာပေးသင်တန်းကို ယမန်နေ့က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကသာခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက လူမှုရေးပင်စင် လျှောက်ထားခြင်း၊ ဘိုးဘွားရိပ်သာတည်ထောင်ခြင်းနှင့် ပတ်သက်သည့် ခွင့်ပြုမိန့်လျှောက်လွှာပုံစံများ၊ သက်ကြီးရွယ်အိုများအတွက် ကင်းလွတ်ခွင့်နှင့် လျှော့ပေါ့သက်သာခွင့်များ၊ သက်ကြီးရွယ်အို ကြည့်ရှုစောင့်ရှောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်လွှာပုံစံများအကြောင်း၊ သက်ကြီးရွယ်အိုလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တည်ထောင်ခွင့်ပြုမိန့်၊ လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားခြင်း၊ သားသမီး၊ မြေးတို့၏ တာဝန်များအကြောင်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေပုဒ်မများအကြောင်းတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ကျော်စွာ(ကသာ)





ဧည့်တော်ပြည့်ဖွဲ့သဒေါနိန်းကဝိလှူငှဲနှင့် အခံရတော်တော်
(၁၁၃)ဆူ၏ ရွှေထီးတော်နှင့် ရွှေသင်္ကန်းများ ကဝိလှူပူဇော်
ခြင်းအခမ်းအနား ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာ
ဘုရားကွန်ရက်ဝင်များ ရောက်ရှိလာကြစဉ်

ဧည့်တော်ပြည့်ဖွဲ့သဒေါနိန်းကဝိလှူငှဲနှင့် အခံရတော်တော်
(၁၁၃)ဆူ၏ ရွှေထီးတော်နှင့် ရွှေသင်္ကန်းများ ကဝိလှူပူဇော်
နိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလအလွန်တွင် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါသည်။
စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရာတွင် ရွှေထီး (၂၅)ဆိုင်းလျှင် ကျပ် (၁)သိန်း၊ ရွှေထီး (၅၀)ဆိုင်းလျှင် ကျပ် (၂)သိန်း၊ ရွှေထီး (၁၀၀)ဆိုင်းလျှင် ကျပ် (၄)သိန်း နှုန်း၊ အရံစေတီထီးတော်တစ်လက်လျှင် ကျပ် (၁၀/၁၃)သိန်း၊ ရွှေဆေးသင်္ကန်း (ရေဆေး) (၉)သိန်း/ (၁၃)သိန်းခန့်နှင့် ရွှေအစစ် (၇၅)သိန်းခန့်ဖြင့် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလလွန်တွင် ကပ်လှူပူဇော်ရန် သွားမည်ဖြစ်ပါသဖြင့် အရံစေတီတော်မူလအလှူရှင်များမှ ဂေါပကအဖွဲ့နှင့် ဆက်သွယ်လှူဒါန်း နိုင်ပါရန်နှင့် လှူဒါန်းလိုသော အလှူရှင်များမှ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိုဗွာန်အကျိုး မျှော် နိုးဆော်လိုက်ရပါသည်။

ဥက္ကဋ္ဌ
ဦးအေးမြင့်
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ရုံးအဖွဲ့
၀၉ - ၇၉၆၇၆၆၉၀၂
ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးရဲဝင့်နိုင် (ဘ)ဦးတင့်လွင်(၁၂/တဘန(နိုင်)၁၉၃၀၃၄၂၅၂)မှ ခေါ်ဆိုသင်းအောင် (ဘ) ဦးအောင်တင်ဌေ(၈/မလန(နိုင်)၀၅၂၉၉၅၂၄၄) သို့ ရန်ကုန်မြို့ မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၈-၁၂-၂၀၂၄) ရက်နေ့က လွဲအပ်ပေးထားသော မှတ်ပုံတင်အထွေထွေကိုယ်စားလှယ် လွဲစာအမှတ်(၃၆၁၄/၂၀၂၄)အား ဤကြော်ငြာပါသည့်ရက်မှစ၍ ခေါ်ဆိုသင်းအောင်က အပြီးတိုင် ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ဆိုသင်းအောင်၏ လွဲအပ်ညွှန်ကြားချက်အရ-
ခေါ်ဆိုသင်းဦးအောင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၁)
အမှတ်(၁၈၈)၊ ဥက္ကဋ္ဌ(၁)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘိုဘိုဌ်(၁၄/မမက(နိုင်)၂၀၆၂၆၈)သည် ခေါ်မေးပိုင် (၁၄/မအပ(နိုင်)၂၉၈၅၁၅)နှင့် (၁၂-၂-၂၀၁၉)ရက်နေ့မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယင်းသို့ပေါင်းသင်းစဉ်ကာလအတွင်း ခေါ်မေမိုးပိုင်သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဘိုဘို၏ ဂုဏ်သိက္ခာကျဆင်းစေသည့် အပြုမူများကိုလုပ်ဆောင်လျက်ရှိပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူနှင့် လင်မယားအဖြစ် ပတ်သက်စပ်ဆိုင်မှုမရှိတော့ပါကြောင်း၎င်းနှင့် ပတ်သက်ပြီးဖြစ်ပေါ်လာသည့် ကိစ္စရပ်များအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ
ဦးထက်ကို(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၁၆၂၄)
အမှတ်-၇၅/ဒေအ၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊
ကြည့်မြင်တိုင်ပြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၈၅၅၀၄၃၀၇

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မော်တာဘိုမြို့နယ်၊ (၁)ရပ်ကွက်၊ ရှစ်ရာနှစ်ဆယ်ခြောက်လမ်း၊ အမှတ်(၄၅)နေ မှတပ်တင်အမှတ်(၁၂/လမန(နိုင်)၀၄၅၈၁၉) ကိုင်ဆောင်သူ ဦးအိုကလိတ်(၁)စိုင်းလှဖေ၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ယာဉ်အမှတ်-2S/1631, Chevrolet Trax မော်တော်ယာဉ်သည် ကျွန်ုပ်မိတ်ဆွေ အမည်ပေါက် ပိုင်ဆိုင်သော မော်တော်ယာဉ်ဖြစ်ပါသည်။ လွန်ခဲ့သော (၃)ရက်ခန့်က အဆိုပါမော်တော်ယာဉ်နှင့်တပ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများမှာ ပျောက်ဆုံးခဲ့ပါသည်။ ထို့ကြောင့် အဆိုပါမော်တော်ယာဉ်၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ဝယ်ယူထားခြင်း၊ ပေါင်နှံထားခြင်း၊ တစ်ဆင့်ပေးကမ်းထားခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ ရောင်းချခြင်း၊ ဝယ်ယူထားခြင်း၊ ပေါင်နှံထားခြင်း၊ တစ်ဆင့်ပေးကမ်းထားခြင်းများ ဆောင်ရွက်ထားပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လက်ဝယ်ထားရှိသူများမှ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မင်းဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၀၄၁၇၀)
ဖုန်း-၄၂၀၁၀၀၃၀၂

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ခ်စ်နဲ့ရပ်ကွက်နေ ဦးသန်ရောင်း၏ သမီးဖြစ်သူ မစန္ဒာ(၁၆)စန္ဒာနွယ်(၇/ကလဝ(နိုင်)၀၃၂၈၃၆) ကိုင်ဆောင်သူမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်သန်း ၏ သမီး သွာဟီရ(၁)ပုလဲဥမွာဖြင့် (၁၂/ပဘတ(နိုင်)၀၃၄၈၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၂၈၁၆

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးမြတ်လင်းသူ(၁၂/သလန(နိုင်)၁၆၃၈၀၃) ပိုင်ဆိုင်သော ကားနံပါတ် (EE-1600)၏ C.N.G စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည် လျောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း-၀၉-၇၈၄၁၁၅၅၃

ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးကိုဦး ၏သား မောင်သူရိန်ထွန်း(၇/ကဃက(နိုင်)၁၀၆၄၇၃) ၏ နိုင်ငံကူးလက်မှတ် (ME-186400) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၇၈၁၀၄၄၇၃၀၇

သင့်သွေးဖြင့် အသက်ကယ်ပါ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒဂေဒဟ(၃၈)လမ်း၊ တိုက် အမှတ်(၁၃၇၁/၁)ဟူသော်ငြင့်သည် (၁)ခန်းတည်း။ (၆)ထပ်တိုက်အဆောက်အဦ၏ စတုတ္ထထပ်၊ (၇)ရွာ၊ အကျယ်အဝန်း(၁၈ပေx၅၄ပေ)ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပိုလ်အားလုံးတို့ကို ဆက်ခံစာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ခေါ်မေဖူးစော်(၁၂/ဥကတ(နိုင်)၂၀၈၂၅၀၂)**ဝ၀ဂို့က ၎င်းတို့သာလျှင် တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး ယွဲ့ပြောင်းရောင်းချခွင့် အပြည့်အဝရှိကြောင်းနှင့် ၎င်းတို့၏ကိုယ်စား မိခင်ဖြစ်သူမှ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ အလုံးစုံတာဝန်ယူ ပြုလုပ်ချယ်ဆိုခြင်းကို သိရှိ သဘောတူညီကြောင်း ဖွင့်ပြဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ခေါ်ခိုလာ(၁၂/ကမရ(နိုင်)၀၀၄၆၀၂)**မှ ဝယ်ယူ မည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လွှတ်ပို့တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွဲအပ်ညွှန်ကြားချက်အရ -
ခေါ်စုစုမွန် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၉၆)
[LL.B,D.B.L,D.I.L,D.I.PL,DL-101WIPO(Switzerland)]
အမှတ်-၃၀၂(ဂ၂၈၀) Parami Condominium ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊
ထို့ပြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၆၆၄၅၅၃၊ ၀၉-၅၀၁၃၉၅၂၊ ၀၉-၅၁၄၉၁၇

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး၃၀ဒေသအမိန့်-၅၅၊ နည်း၃၀ဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၇

၁။ ဦးအောင်လွင်ဦး ဦးတင်ထွန်း
၂။ ခေါ်ခိုင်ယဉ်မွန်
(တရားလိုများ) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ဓေယျတတီ(၄)လမ်း၊ အမှတ်(၂၁၈၅/က)နေ တရားပြိုင် ဦးတင်ထွန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်အပေါ်၌ တရားလိုများက “ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုပါမူ” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည်ဧကန်အရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၂၆)ရက်၊ (၁၃)ရက် ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်) မွန်းမတည့်မီ (၁၁:၀၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများ၏ အဆိုလွှာကို ထူချေရုံးလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအခြင်း သင်သိစေရမည်မှာ အထက်ကအဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ဖျက်ကွက်ခဲ့လျှင် သင့်ကဖွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအခြင်း တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထူချေတင်ပြ အဖို့ပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလာက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထူချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်နေ့ ဤရုံးတော်တင်ဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မေသွန်နွယ်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

Asia Pacific Business Group Public Co., Ltd (APC) ၏

နှစ်ပတ်လည်အထွေထွေအစည်းအဝေးဖိတ်ကြားစာ

အထက်ဖော်ပြပါအများနှင့်သက်ဆိုင်သောကုမ္ပဏီ (APC) ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အခန်း(၁၀)၊ အပိုဒ် (၆၈)နှင့်အညီ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

ကျင်းပမည့်နေ့ရက် ။ ။ ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ နံနက် (၉:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီထိ
ကျင်းပမည့်နေရာ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ဗိုလ်ချုပ်အောင်ဆန်း လမ်းပေါ်ရှိ Central Hotel (ပတ္တမြားခန်းမ)

(မှတ်ချက် ။။ အစည်းအဝေးတက်ရောက်လာသူတိုင်း မိမိတို့၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ တရားဝင်အသိအမှတ်စိစစ်ရေးကတ်ပြား၊ အထောက်အထားတစ်ခုခုတစ်ပါတည်းယူဆောင်လာကြပါရန် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါမည်။)

BOD ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးကျော်ငြိမ်း (ဖောင်တော်သီ) (စဉ်-၂၃၀၂) **ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈)**
B.A(Law), LL.B, D.B.L, D.M.L **LL.B, D.B.L, D.M.L, D.I.L**
09-5108521 **09-5015316**

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၈)၊ မြေကွက်အမှတ်(၇၉၈)၊ မြေအမျိုးအစား နှစ် (၆၀)ဂရန်မြေ၊ အကျယ် (၄၁' x ၆၀') အနက် တရားဝင်မခွဲစိတ်ရ သေးသောမြေ၏ [မြေကွက်အမှတ် (၇၉၉) နှင့် ကပ်လျက်ဘက်ခြမ်း]၊ အကျယ် (၂၀' x ၆၀') မြေအစိတ်အပိုင်းအပါအဝင် ယင်းမြေပေါ်ရှိ အမှတ် (၇၉၈)၊ ဦးမောင်မောင်ကြီးလမ်း၊ ၅၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးညီမောင်မောင် [၁၂/ဗတထ(နိုင်)၀၁၀၉၅၁] အမည်ပေါက်လျက်ရှိပြီး ၎င်းနှင့် ၎င်း၏ဇနီးကွယ်လွန်သဖြင့် တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများဖြစ်ကြသည့် ဒေါ်သီတာအေး [၁၂/ဗတထ(နိုင်)၀၁၀၉၆၂]၊ ဒေါ်သီတာဇော် [၁၂/ဗတထ(နိုင်)၀၁၅၆၅၇]တို့ထံမှ (၁၈ - ၁၁-၂၀၀၉) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်" အရ ပူးတွဲပိုင်ဆိုင်သူ (အပိုင်ရောင်းချသူ) ဒေါ်မြမြမော် [၁၂/မဘန (နိုင်) ၀၀၀၁၀၅] ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အစုအရပ်ရပ်အား မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးအေးမင်းဇော် တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၇၆၅)
တိုက်အမှတ် (B - 20)၊ အခန်းအမှတ် (102)၊ မြေညီထပ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊
၄၂ - ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း (Star-City) အတွင်းရှိ ဇုန်(ARA)၊ တိုက်အမှတ်(Y7)၊ အခန်းအမှတ်(105B)၊ Type(Studio)၊ Area(392)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည် ဟု ဝန်ခံကတိပြုသူ ဦးဝင်းကြိုင် [၁၂/ဗဟန(နိုင်)၀၆၈၃၁၄] ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်စန္ဒာအေး [၁၃/ကခန(နိုင်)၀၇၁၇၅၂]
ဖုန်း-၀၉-၅၂၃၀၉၀၆

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၉၈

ဒေါ်မြမြစိုး နှင့် ဦးတင်ငွေ
(တရားလို) **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆-ရပ်ကွက်၊ မိုးမခ(၃)လမ်းနှင့် မာဃလမ်းထောင့်၊ အမှတ်(၁၁၂၀)နေ ဦးတင်ငွေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၃ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင့်ဝါဖေဝင်း)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

၉

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အမှတ် (၂) ရပ်ကွက်၊ ဂန့်ဂေါ်လမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော

ဆုတောင်းပြည့် စရီ သီလိုက်မာ ကာလီယမ္မာန် မယ်တော်ကြီး၊
စရီ မူသူးမာရီယမ္မာန် မယ်တော်ကြီး၊ စရီ မူသူးမူနီစ်ဝရရ် ဘုရားကျောင်း
မဟာ ကုမ္ဘာဘိသျှေဂမ် သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲတော်ကြီး



ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့ခင်ဗျား -

အထက်ပါ ဆုတောင်းပြည့်စရီ သီလိုက်မာ ကာလီယမ္မာန် မယ်တော်ကြီး၊
စရီ မူသူးမာရီယမ္မာန်မယ်တော်ကြီး၊ စရီ မူသူးမူနီစ်ဝရရ် ဘုရားကျောင်း၌
၁၃၈၈ - ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ - ရက်၊

၂၂ - ၁၁ - ၂၀၂၆ တနင်္ဂနွေနေ့ နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီ မင်္ဂလာအချိန်အတွင်း

မဟာကုမ္ဘာဘိသျှေဂမ် (ခ) သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူတော်စင်အပေါင်းတို့အား ကြွရောက်ကြည်ညိုပူဇော်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မြန်မာပြည် အတွင်းရှိ ဟိန္ဒူဘုရားကျောင်းဂေါပကအဖွဲ့ဝင်များ၊ မြန်မာပြည် အတွင်းရှိ ဟိန္ဒူလူမှုအသင်းအဖွဲ့အစည်းများ၊ အိုက်ယပ္ပါး ဥပုသ်သည်များ၏ ပါဝင်ကူညီမှုဖြင့် သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။

လေးစားစွာဖြင့်
ဘုရားကျောင်း ဂေါပကအဖွဲ့၊ ရပ်မီ/ရပ်ဖများ၊
လူဝယ်များအဖွဲ့၊ အမျိုးသမီးများအဖွဲ့။

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ရွှေမြယာအိမ်ရာ (၂)၊ အမှတ်(၂၀၂/အေ)နေ ဒေါ်တင်တင်ဝင်း (ခ) ဇိုင်နက်ဘီဘီ [၁၂/ပဘတ(နိုင်)၀၂၇၄၁၂]သည် ဦးကြည်ဇော် [၁၂/စခန(နိုင်)၀၅၇၆၅၃]နှင့် (၁၂-၃-၂၀၂၅)နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ခြင်း ကတိစာချုပ်ဖြင့် အပြီးအပြတ်ကွာရှင်းထားပြီးဖြစ်၍ ဦးကြည်ဇော်နှင့် ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး၊ ငွေကြေးကိစ္စရပ်များသည် ဦးကြည်ဇော်နှင့်သာ သက်ဆိုင်ခြင်း၊ ဖြေရှင်းခြင်း၊ တောင်းခံခြင်းများပြုလုပ်ပါရန်၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း(ခ)ဇိုင်နက်ဘီဘီနှင့် ပတ်သက်စပ်ဆိုင်ခြင်း လုံးဝမရှိကြောင်း၊ ဒေါ်တင်တင်ဝင်း(ခ)ဇိုင်နက်ဘီဘီမှလည်း စိုက်ထုတ်ပေးဆပ်မည်မဟုတ်ကြောင်း၊ ဦးကြည်ဇော်နှင့် ဒေါ်တင်တင်ဝင်း(ခ) ဇိုင်နက်ဘီဘီသည် လူမှုရေးအရပတ်သက်စပ်နွယ်ခြင်း လုံးဝမရှိတော့သည့်အတွက် ဦးကြည်ဇော်နှင့်စပ်လျဉ်းသည့်ကိစ္စအဝဝ ၎င်း၏အကြောင်းများကို ဒေါ်တင်တင်ဝင်း(ခ)ဇိုင်နက်ဘီဘီထံ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းခြင်းများ လုံးဝမပြုလုပ်ကြရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်တင်ဝင်း(ခ)ဇိုင်နက်ဘီဘီ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးခိုင်ဇင် (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၂၄)
တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၂၃)၊ မလိခအိမ်ရာ၊ ဘဝမြင့်ရပ်ကွက်၊
သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၇၂၃၅၇၇

"Lauris နှင့် Balle Perfumerie Page များနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း"

အထက်ဖော်ပြပါ Lauris page နှင့် Belle Perfumerie Page နှစ်ခု၏ပိုင်ရှင် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ရွှေရည်ယမင်းသန့် [၁၄/ဟသတ(နိုင်)၃၅၉၁၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ ယင်း Page နှစ်ခုလုံးသည် လွန်ခဲ့သော(၂)လခန့်ဦးပင် ကျွန်ုပ်၏မိတ်ဆွေသည် အသုံးပြုခဲ့ခြင်း မရှိတော့ပါ။ ထို့ကြောင့် ၎င်း Page နှစ်ခုသည် ဒေါ်ရွှေရည်ယမင်းသန့်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ထို့အပြင် Belle house Page နှင့် ပတ်သက်၍လည်း အကောင့်တုများနှင့်သော်လည်းကောင်း၊ မဟုတ်မမှန်သတင်းများ ဖြန့်၍သော်လည်းကောင်း၊ Page ကို နာမည်ပျက်စေလိုသောရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်း၊ ဒေါ်ရွှေရည်ယမင်းသန့်၏ပုံများကို ခွင့်ပြုချက်မရှိဘဲ ယူသုံး၍ အသရေဖျက်ခြင်း အစရှိသည့်ကိစ္စရပ်များ ပြုလုပ်နေကြောင်း တွေ့မြင်သိရှိရပါသဖြင့် ရပ်တန်းကရပ်ရန်နှင့် ဆက်လက်လုပ်ဆောင်နေသူများ၊ အားပေးအားမြောက်ပြုသူများ၊ နောက်ကွယ်မှ ကြိုးကိုင်ဆောင်ရွက်နေသူများအား တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ရွှေရည်ယမင်းသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်ဆွေမွန် (LL.B,D.I.L) အထက်တန်းရှေ့နေ (စဉ်-၅၅၀၂၈)
အမှတ် (၂၅)၊ တတိယထပ်၊ ဟသီဘတလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်
မှတ်ပုံတင်စာအုပ်
မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၈၅၆၄၉ အမျိုးအမည် Honda Wave 125 အမျိုးအစား m/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးသောင်းရွှေမှတ်ပုံတင် အမှတ် [၆/မအရ(နိုင်)၀၅၀၈၉၆]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်-

ကညန၊ ခရိုင်ရုံး(မြိတ်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂(ခ)ရပ်ကွက်၊ ဥာဏသုခလမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သော (အလျားငှဂပေ၊အနံ၈၅ပေ)ရှိမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးငွေးနိုင် [၁၀/ကထန(နိုင်)၀၅၅၅၇၉]မှ တရားဝင်ပိုင်ဆိုင်ကြောင်း၊ ဥပဒေနှင့်အညီ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ဒေါ်အေးနန္ဒာစိုး [၆/ထဝန(နိုင်)၀၇၆၁၅၇]နှင့် ဒေါ်မိုးသန္တာဝင်း [၆/ထဝန(နိုင်)၀၇၆၃၁၂]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးနန္ဒာစိုး၊ ဒေါ်မိုးသန္တာဝင်း
၀၉-၄၅၀၉၉၂၆၄၃၊ ၀၉-၂၅၀၇၇၁၀၄၅
အမှတ်(၆၉၃)၊ ဇောတိကလမ်း(၁၆/၄)၊ သဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆၅)၊ မြေကွက်အမှတ်(၅၆၅/က)၊ ၃/မာန်ပြေရပ်ကွက်၊ မာန်အောင်လမ်း၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေကွက်ပေါ်ရှိ အာရ်စီ(၆)ထပ်တိုက် အဆောက်အဦ၏ တိုက်ခန်းများအနက်မှ အကျယ်အဝန်း(၁၈ ပေ x ၅၅ ပေ)၊ အမြင့်(၉)ပေရှိ စတုတ္ထထပ် (၅)လွှာတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသော လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် ၎င်းအခန်းနှင့်ဆက်နွယ်နေသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းအိအိသွယ် (၁၁)ဦးခွန်ထွန်းရီ[၁၃/ဟပန(နိုင်)၀၄၅၁၄၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပါသည်။ ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၉၃/၂၀၁၇)
အမှတ်-၈၃/၁၀ (ဒုတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-402698729

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၁၇၈/က)နေ ဒေါ်မိုးပပအောင် (၁၁)ဦးဇော်ဝင်း[၁၂/ဒဂတ(နိုင်)၀၃၈၉၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ မိဘများဖြစ်ကြသည့် ဦးဇော်ဝင်းနှင့် ဒေါ်မြရီတို့သည် လင်မယားအဖြစ်ပေါင်းသင်းနေထိုင်စဉ် သားသမီး (၂)ဦး ထွန်းကားခဲ့ရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မိုးပပအောင်နှင့် မသင်းသီရိဇော်တို့ဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်မိတ်ဆွေ၏မိဘများအတူပေါင်းသင်းနေထိုင်စဉ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၁၇၈/က)၊ အကျယ်အဝန်း(၁၀x ၆၀)ပေရှိ မြေကွက်သည် ဖခင်ဖြစ်သူ ဦးဇော်ဝင်း(K/RGN-၁၂၀၀၇၄) [၁၂/ဗဟန(နိုင်)၀၃၄၆၂၄]က ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပြီး ယနေ့အချိန်အထိ သက်ဆိုင်ရာဌာနတွင် ဦးဇော်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ကျွန်ုပ်မိတ်ဆွေ၏ဖခင်ဖြစ်သူ ဦးဇော်ဝင်းမှ ဝယ်ယူပြီး သက်ဆိုင်ရာဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သည့်မြေကွက်ဖြစ်သည့် အလျောက် ယင်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏မိသားစုသာလျှင် ပိုင်ရေးဆိုင်ခွင့်ရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမိသားစု၏ ပိုင်ရေးဆိုင်ခွင့်အပေါ် ထိပါးနောင့်ယှက်လာသူ မည်သူကိုမဆို ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်မိုးပပအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်းလှိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇) **ဒေါ်စန္ဒာလှိုင်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၀၇၄)**
အမှတ်(၂၇)၊ ပထမထပ်၊ ဇေယျာသီရိလမ်း၊ ဗိုလ်ထွန်းစံရပ်ကွက်၊ ဒေါ်ပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၇၃၆၁၉

"အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့ (အောင်ခန်းရပ်)၊ မြို့မရပ်ကွက်နေ ဦးဝင်းအောင် (MDYNW – ၀၀၅၀၄၄) (၉/မကန(နိုင်)၀၄၀၀၉၃၇) နှင့် ဒေါ်နီလာနွယ် (MGK – ၀၄၉၀၀၆) (၉/မကန(နိုင်)၀၄၀၀၉၃၁)တို့၏ လုပ်သည်ဆိုကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။"

